ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်၊ တနင်္ဂနွေနေ့၊ (30-1-2011) (၆၆၆၀)

ရောဝတီတံတား(ညောင်တုန်း) သံပေါင်တင် ရွှေမှုလီတပ်ဆင်ခြင်း မင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန်　　ဇန်နဝါရီ　　၂၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၅)က တာဝန်ယူ တည်ဆောက်လျက်ရှိသော ရောဝတီတံတား(ညောင်တုန်း)ပထမဆုံး သံပေါင်တင် ရွှေမှုလီတပ်ဆင်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ကြိမ်ပင်ဆည်ဘက်ကမ်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပန်းဖွားအကအဖွဲ့များ၊ ဖိတ်ကြားထားသူများ၊ ဒေသခံပြည်သူများနှင့် တံတားစီမံကိန်းဝန်ထမ်းများ တက်ရောက်ကြသည်။

တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းနှင့် ဝန်ကြီး ဦးခင်မောင်မြင့်တို့ ရောဝတီတံတား(ညောင်တုန်း) ပထမဆုံး မင်္ဂလာသံပေါင်ကို စက်ခလုတ်နှိပ်၍ "မ"တင်ပေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ တိုင်းမှူးနှင့် ဝန်ကြီးတို့က မင်္ဂလာသံပေါင်ကို ရွှေမှုလီတပ်ဆင်ပေးကာ အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် ရောဝတီတံတား (ညောင်တုန်း) ပထမဆုံး သံပေါင်ကို တိုင်းမှူးနှင့် ဝန်ကြီးတို့က စက်ခလုတ်နှိပ်၍ "မ" တင်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် တံတားပေါ်သို့ တက်ရောက်၍ သံပေါင်ရွှေမှုလီတပ်ဆင်ခြင်း လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ရောဝတီတံတား (ညောင်တုန်း) ၏ ခန်းဖွင့်ဖွဲ့စည်းပုံမှာ **စာမျက်နှာ ၃ ကော်လံ ၁ သို့**☆

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အိုင်စီတီဗဟုသုတများ တိုးပွားစေသည့် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော်

သတင်းဆောင်းပါး - တင်ထွေး (သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း - ကိုထွေး

သတင်းနှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ဗဟုသုတများ တိုးပွားစေသည့် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော်ကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် နဝမအကြိမ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ နဝမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော် (The 9th Myanmar ICT Week) ကို ဇန်နဝါရီ ၈ ရက်မှ ၁၂ ရက်အထိ ငါးရက်တိုင်တိုင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရတနာပုံနည်းပညာမြို့သစ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့လေသည်။

နဝမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက ရတနာပုံနည်းပညာမြို့သစ်ရှိ ရတနာပုံဆိုင်ဘာခန်းမ(Yatanarpon Cyber Hall)၌ကျင်းပခဲ့ပြီး **စာမျက်နှာ ၆ ကော်လံ ၁ သို့**◆



နဝမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော် ကျင်းပရာ ရတနာပုံဆိုင်ဘာခန်းမကို ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။

၁၀-၁-၂၀၁၁
(တနင်္ဂနွေနေ့)

ဇီဝမျိုးစုံနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းထာဝစဉ်

အပင်များ၊ သားငှက်တိရစ္ဆာန်မျိုးစုံနှင့် သစ်တောအမျိုးမျိုးတို့သည် ဇီဝမျိုးစုံမျိုးကွဲများဖြစ်သည်။ သက်ရှိအားလုံး ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင် ကောင်းမွန်မှုရှိနေရန် လိုအပ်သည်။ သစ်တောသစ်ပင်ထူထပ်ရာ သဘာဝပတ်ဝန်းကျင်သည် အပူအအေးမျှတသော ရာသီဥတုကို ဖြစ်ပေါ်စေသည်။ လူသားတို့ စားသောက်နေထိုင်ရေးတွင် အသုံးဝင်သည့်ပစ္စည်းများကို ဖြည့်စွမ်းပေးနေသည်။

အာရှတိုက်ရှိ ဇီဝမျိုးစုံမျိုးကွဲအကြွယ်ဝဆုံးနိုင်ငံများတွင် မြန်မာနိုင်ငံပါဝင်သည်။ ဇီဝမျိုးကွဲလေ့လာတွေ့ရှိမှု မှတ်တမ်းများအရ အပင်မျိုးစိတ်ပေါင်း တစ်သောင်းကျော်ရှိသည်။ သစ်ခွမျိုးပေါင်း ၈၀၀ ကျော်၊ တွားသွားသတ္တဝါ ၄၀၀ ကျော်၊ နို့တိုက်သတ္တဝါ ၃၀၀ ကျော်၊ ငှက်မျိုးပေါင်း ၁၀၀၀ ကျော်နှင့် လိပ်ပြာမျိုးပေါင်း ၁၀၀၀ ကျော်ရှိကြောင်း သိရသည်။

နိုင်ငံတော်က ရေမြေသစ်တော သဘာဝသယံဇာတအရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းနေသည်။ ကျား၊ ဆင်၊ ကြံ့သူတော်၊ ရွှေသမင်အပါအဝင် နို့တိုက်သတ္တဝါ တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝနယ်မြေများကို သစ်တောဥပဒေနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ ရှားပါးတိရစ္ဆာန်မျိုးစိတ်များ ရှင်သန်ကျက်စားရာ သဘာဝအတိုင်း မပျက်မယွင်းရှိနေသေးသော နေရာဒေသများကို အမျိုးသားဥယျာဉ်များအဖြစ် သတ်မှတ်ထားသည်။ ဟူးကောင်းချိုင့်ဝှမ်း၊ အင်းတော်ကြီးအိုင်၊ ရွှေစက်တော်၊ မိုးယွန်းကြီးအင်း၊ အင်းလေးကန် စသည့်ဘေးမဲ့တောများနှင့် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်စသည်တို့တွင် သားငှက်၊ ရှားပါးတိရစ္ဆာန်နှင့် ဇီဝမျိုးကွဲများစွာ တွေ့ရှိနိုင်သည်။

မြန်မာ့ရွှေသမင်မျိုးများသည် ရှားပါးတိရစ္ဆာန် အမျိုးအစားတွင် ပါဝင်ပြီး ရွှေစက်တော်ဘေးမဲ့တောနှင့် ချပ်သင်းဘေးမဲ့တောတို့၌ တွေ့နိုင်သည်။ ကျားမျိုးထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို ဟူးကောင်းချိုင့်ဝှမ်းဒေသ သစ်တောများအတွင်း လုပ်ဆောင်လျက်ရှိသည်။ WCS နှင့်ပူးပေါင်း၍ ကျားထိန်းသိမ်းရေးဆောင်ရွက်လျက်ရှိရာ ကျားကောင်ရေ ၈၀ ခန့်ရှိနေပြီဖြစ်သည်။ ဟူးကောင်းချိုင့်ဝှမ်းတည်ဆောက်စက ဧရိယာစတုရန်းမိုင် ၂၀၀၀ ကျော်ရှိရာမှ တိုးချဲ့ဖွဲ့စည်းလာခဲ့ရာ ယခုအခါ စတုရန်းမိုင် ၆၀၀၀ ကျော် ကျယ်ဝန်းသော ကမ္ဘာတွင် အကြီးဆုံးကျားထိန်းသိမ်းရေးနယ်မြေဖြစ်လာနေပြီဖြစ်သည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများတွင် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ ရှားပါးတိရစ္ဆာန်များ မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရန် ဥပဒေနှင့်အညီ ကာကွယ်ထားသည်။ လူတို့၏ ပယောဂကြောင့် သတ္တလောက၏ အစာကွင်းဆက်များ ပျက်စီးမှုမရှိစေရေး သတိပြုကြရပေမည်။

တစ်ဖက်မှ တိုးတက်ဖြစ်ထွန်းလာသော မြို့ပြဖွံ့ဖြိုးမှုနှင့်အတူ သစ်တောထွက်ပစ္စည်းများ အလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ သဘာဝသစ်တောများကိုခုတ်၍ တောင်ယာစိုက်ပျိုးခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းခြင်းတို့သည် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ရေးကို ထိခိုက်နိုင်သည်။ ပြည်သူများအားလုံးက မိမိတို့ဒေသအလိုက် သစ်တောသစ်ပင်များ၊ ရှားပါးတောရိုင်းတိရစ္ဆာန်များနှင့် ငှက်အမျိုးမျိုးတို့ကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ကြခြင်းဖြင့် နိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝမှုရေရှည်တည်တံ့နေမည် ဖြစ်ပါသည်။ ။

PTT Lubricants ၏ ကျေးဇူးတုံ့ပြန်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

PTT Public Company Limited (ထိုင်း)နှင့် Myanmar Sole Distributor ဖြစ်သည့် TUNN STAR CO . , LTD. တို့ပူးပေါင်းပြီး PTT Lubricants ၏ ကျေးဇူးတုံ့ပြန်ပွဲကို ဇန်နဝါရီ ၁၈ရက် ညပိုင်းတွင် ကန်တော်ကြီးဝင်းအတွင်းရှိ Western Park ၌ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ TUNN STAR CO.,LTD.မန်နေဂျင်းဒါရိုက်တာ ဦးအောင်နိုင်ထွန်းနှင့် PTT Public Co., Ltd. ၏ Executive Vice President Mr.Rachadech Khemthong တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။ ယင်းနောက် PTT Lubricants မှ ဉာဏ်စမ်းပဟေဠိမေးခွန်းများမေးမြန်း၍ စက်ချောဆီနှင့် အခြားလက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။ ဆက်လက်၍ နှစ်စဉ်ချီးမြှင့်လျက်ရှိသည့် ၂၀၁၀ ခုနှစ်၏ Top Dealer Award ဆုကြီး ၁၈ဆု၊ ဗန်ကောက်သို့ အပန်းဖြေခရီးစဉ်နှင့် စက်ရုံလေ့လာရေးခရီးစဉ် ငါးရက်ဆု၊ ငွေသားဆုများကို TUNN STAR CO., LTD. ဥက္ကဋ္ဌ ဦးထွန်းလွင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ PTT Public Co., Ltd. ၏ Executive Vice President Mr.Rachadech Khemthong နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ပေးအပ်ချီးမြှင့်ကြသည်။**(အောက်ပုံ)**

TUNN STAR CO., LTD. သည် PTT Lubricants ၏ မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ PTT တံဆိပ်အဆင့်မြင့် ဓာတ်ဆီ၊ CNG၊ ဒီဇယ်အင်ဂျင်သုံး စက်ချောဆီအမျိုးမျိုးအပြင် စက်ရုံသုံး ဟိုက်ဒရောလစ်ဆီ၊ ဂီယာဝိုင်၊ ကွန်ပရက်ဆာဆီ၊ အော်တိုဆီ၊ အမဲဆီ၊ မော်တော်ဆိုင်ကယ်သုံး အင်ဂျင်ဝိုင်နှင့် ရေယာဉ်အင်ဂျင်သုံး အထူးစက်ချောဆီ အမျိုးမျိုးကို ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ PTT မှာ ထိုင်းနိုင်ငံ၏ အကြီးဆုံး ရေနံဓာတုကုမ္ပဏီကြီးဖြစ်ပြီး PTT အင်ဂျင်ဝိုင်သည်လည်း ထိုင်းနိုင်ငံ၏နံပါတ်တစ် ရောင်းအားအကောင်းဆုံး အင်ဂျင်ဝိုင်လည်း ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မကွေးတိုင်းဒေသကြီးဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေ တိုင်းဒေသကြီးဘောလုံးအသင်းသို့ အောင်နိုင်ရေးအလံပေးအပ်ခြင်းအခမ်းအနား တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၉

ပြည်နယ်နှင့် တိုင်းဒေသကြီး ပြည်ထောင်စုဒိုင်း အလွတ်တန်း ဘောလုံးပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် မကွေးတိုင်းဒေသကြီး ဘောလုံးအသင်းသို့ အောင်နိုင်ရေးအလံပေးအပ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၀ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးဘောလုံးအသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေက အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးက ဘောလုံးအသင်းအား ဖွဲ့စည်းစီမံ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ဘောလုံးအသင်းအုပ်ချုပ်သူထံသို့ အောင်နိုင်ရေးအလံ ပေးအပ်သည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီးဥက္ကဋ္ဌသည် ဆင်ပေါင်ဝဲမြို့နယ် ကျောသားရွာအနီးရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၁) ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက သာဂရ-ကိုးပင် ရိုးမဖြတ်လမ်း ဖောက်လုပ်ပြီးစီးမှုနှင့် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဥက္ကဋ္ဌသည် သာဂရ- ကိုးပင် လမ်းတစ်လျှောက် လမ်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခရမ်းမြို့နယ် အုတ်ဖိုကျေးရွာ စပါယ်ဦးစာကြည့်တိုက်ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အုတ်ဖိုကျေးရွာ စပါယ်ဦး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ရက် နံနက် ၇နာရီတွင် အဆိုပါစာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးတင်မြင့်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိဇာလှိုင်နှင့်ကျေးရွာဥက္ကဋ္ဌ ဦးထိန်လင်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် စာကြည့်တိုက်သို့ အလှူရှင်များက ရေဒီယိုတစ်လုံး၊ စာအုပ်စာစောင်များ၊ စားပွဲတစ်လုံး၊ ဗီရိုတစ်လုံး၊ ကုလားထိုင်တစ်လုံး၊ ခုံတန်းရှည်နှစ်လုံးနှင့် စာအုပ်စင်နှစ်ခုတို့ကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ စာကြည့်တိုက်ကို ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀သိန်းနှင့် ကျေးရွာနေပြည်သူများက ငွေကျပ် ၁၈သိန်း စုစုပေါင်း ငွေကျပ် ၂၈ သိန်းဖြင့် တည်ဆောက် လှူဒါန်းခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ခရမ်းမြို့နယ် အုတ်ဖိုကျေးရွာ စပါယ်ဦးစာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဦးတင်မြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိဇာလှိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးထိန်လင်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။
(မြို့နယ်ပြန်/ဆက်)

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ထားဝယ်မြို့ လေယာဉ်ကွင်းလမ်း သာယာလှပရေးအတွက် ပလက်ဖောင်းများ ဆေးသုတ်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး) ဦးအောင်ကျော်စိုးနှင့် အင်ဂျင်နီယာမှူး ဦးထင်လင်းကျော်တို့ ကြပ်မတ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလထုတ် မြဝတီမဂ္ဂဇင်းထွက်ပြီ

ရန်ကုန် ဇန်နဝါရီ ၂၉

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလထုတ် မြဝတီမဂ္ဂဇင်းတွင် ရွှေမြိုင်ပြုံးလဲ့မော်၊ ညောင်ရွှေ-ခင်မောင်မြ၊ မောင်ငြိမ်းရည် (မင်းကင်း)၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ ညွန့်ဝေ(ကသာ)၊ မောင်စိမ်းနောင် (လယ်ဝေး)၊ ပျဉ်းမနားမြင့်လှိုင်၊ ရေနံ့သာမောင်ကျော်ညွန့်၊ ရွှေစင်(ပေါက်ခေါင်း)တို့၏ ကဗျာများ၊ တင်အောင်နီ၊ ငွေကြည်၊ မြေဇာတို့၏ တစ်မျက်နှာ ကာတွန်းများ၊ ရှင်ဉာဏ(ဖျာပုံ)၊ ဗိုလ်ကလေးတင့်အောင်၊ မောင်ခင်မင်(ဓနုဖြူ)၊ ပီကျော်ဟန်၊ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ လှထွန်း(တွံတေး)၊ ကိုကိုလှိုင်၊ မောင်စူးစမ်း၊ မောင်စိုးထိုက်(သုံးဆယ်)၊ ကျော်ဇောဟိန်း(ဒေါပုံ)၊ ဒေါက်တာကောင်းမြတ်၊ ကိုရဲ၊ မောင်ချိုမင်း(ကန္တာရဝတီ)၊ ဂွမ်းဖြူဇင်၊ လှဘုန်းအောင်၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ဒေါက်တာသန့်စင်၊ ကိုခန့်(သုတေသန)၊ ကေကေ(မဟာဝိဇ္ဇာ)၊ ရဲမာန်ခ၊ တက္ကသိုလ်သျှင်သီရိ၊ စံ-ဇာဏီဘို၊ အောင်မင်းစိုး(ကြို့ပင်ကောက်)တို့၏ သုတ၊ ရသ၊ ဟာသနှင့် ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ မောင်မိုးယံ၊ မင်းယုဝေ၊ ခင်မောင်အေး (မန္တလေး)၊ သောင်းဝေဦး၊ တက္ကသိုလ်လှကြွယ်နှင့် စစ်နွေတို့၏ ခံစားမှုရသစုံဝတ္ထုတို့ကို ဖတ်ရှုရမည်ဖြစ်သည်။

မြဝတီမဂ္ဂဇင်းကို အမှတ်(၁၈၁) ၃၂ လမ်းအထက် ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄နှင့် အမှတ်(၁၅) တပ်မြေ မိုးကောင်းလမ်း (၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃ သို့ ဆက်သွယ်မှာကြားဝယ်ယူဖတ်ရှုနိုင်ကြောင်းနှင့် စာဖတ်သူထံ VPP အရောက်ပို့စနစ်ဖြင့်လည်း ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

မိဘနှစ်ပါးအား ရည်စူး၍ ရှမ်းကုန်းလမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့နေ အစ်မကြီး ဒေါ်ခင်လွင်နှင့် မောင်ဖြစ်သူ အငြိမ်းစား သင်္ချာပါမောက္ခ ဦးသောင်းရှိန်တို့က ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ခြောက်ထပ် သံဃာ့ဆေးရုံသစ်ပြင်ပလူနာဌာန(မြေညီထပ်) အထူးခန်းတစ်ခန်းအတွက် အလှူငွေကျပ် ၂၄ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။
(သတင်းစဉ်)

☆ရွှေဖုံးမှ

မီတာ ၁၂၀ ၁၆ ခန်း၊ မီတာ ၁၀၀ နှစ်ခန်း၊ မီတာ ၆၀ နှစ်ခန်း စုစုပေါင်း အခန်းပေါင်း ၂၀ ရှိပြီး ၁၄ ခန်းအတွက် တံတားသံပေါင်များ ရောက်ရှိကာ ကျန်သံပေါင်များကို သင်္ဘောများဖြင့် ထပ်မံဝင်ရောက်လျက်ရှိကြောင်း၊ တံတား၏ အခန်းတစ်ခန်းလျှင် သံပေါင်အလေးချိန်မှာ မီတာ ၁၂၀ အခန်းတွင် ၉၃၄ တန်၊ မီတာ ၁၀၀ အခန်းတွင် ၇၄၂ တန်၊ မီတာ ၆၀ အခန်းတွင် ၃၉၅ တန် စုစုပေါင်း တန်ချိန် ၂၀၇၁ တန် အလေးချိန်ရှိကြောင်း။

ရထားလမ်းနှင့် ကားလမ်းနှစ်လမ်းပါ ဧရာဝတီတံတား (ညောင်တုန်း) သည် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်၌ တည်ရှိပြီး တံတားအမျိုးအစားမှာ သံမဏိသံပေါင်နှင့် သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ကာ ပင်မတံတားအရှည် ၇၄၀၂ ပေ၊ ချဉ်းကပ်ကားလမ်း နှစ်ဖက်အရှည် ၁၁၃၈၉ ပေ၊ ရထားလမ်းတံတားအရှည် ၁၃၁၄၃ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် ရထားလမ်းအကျယ် ၁၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီပါရှိကြောင်း၊ ရေလမ်းကင်းလွတ်အကျယ် ၂၆၂ ပေနှင့် အမြင့် ၅၇ ပေရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန် ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းနှင့် ဝန်ကြီး ဦးခင်မောင်မြင့်တို့ ဧရာဝတီတံတား (ညောင်တုန်း) မဂ်လာသံပေါင်ကို ရွှေမူလီတပ်ဆင်ပေးကြစဉ်။ (သတင်းစဉ်)

အငယ်တန်းအင်ဂျင်နီယာ(၁) မြို့ပြ(မွမ်းမံ)သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

ဆောက်လုပ်ရေးဝန်ကြီးဌာန အငယ်တန်းအင်ဂျင်နီယာ(၁) မြို့ပြ (မွမ်းမံ) သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၂၈ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)၌ကျင်းပရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ အငယ်တန်းအင်ဂျင်နီယာ(၁) မြို့ပြ(မွမ်းမံ) သင်တန်းသား၊ သင်တန်းသူ ၂၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်း အငယ်တန်းအင်ဂျင်နီယာ(၁) မြို့ပြ (မွမ်းမံ)သင်တန်းဆင်းပွဲ အခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၉

Wise International School for Executives မှ (Certificate in Financial Management) ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းကို ဖေဖော်ဝါရီ ၅ ရက်တွင် ဖွင့်လှစ်မည် ဖြစ်သည်။

အဆိုပါသင်တန်းကို Owner များ လုပ်ငန်းသစ် တည်ထောင်ရာတွင် ငွေကြေးဆိုင်ရာ စီမံပြင်ဆင်နေသူများ၊ မန်နေဂျာများ၊ စာရင်းစစ်စာရင်းကိုင်များ၊ Financial Officer များ၊ Business Development Manager များ၊ လုပ်ငန်းခွင်ဝင်မည့်သူများနှင့် ငွေကြေးစီမံခန့်ခွဲမှုပညာကို စိတ်ဝင်စားသူများ တက်ရောက်သင့်သည်။

Workgroup Presentation များ လုပ်ခြင်း၊ Group Discussion များ စသည့် သင်တန်းသား အခြေပြုသင်ကြားမှုပုံစံများနှင့် နိုင်ငံတကာ သင်ရိုးညွှန်းတမ်းများကို အသုံးပြု၍ အတွေ့အကြုံရှိဝါရင့် ဆရာမကြီးများက သင်ကြားဆွေးနွေးသွားမည်။ သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းကြေးမှာ ငွေကျပ် ၅၀၀၀၀ ဖြစ်၍ Member များအား သင်တန်းကြေး ၄၀ ရာခိုင်နှုန်း လျှော့၍ ခံစားခွင့်ပေးမည်။ အဆိုပါ သင်တန်းကို ဖေဖော်ဝါရီ ၅ ရက်မှစ၍ (စနေ၊ တနင်္ဂနွေ)ညနေ ၅ နာရီခွဲမှ ၇နာရီခွဲ အထိ နာရီ ၂၀ သင်ကြားပေးမည်ဖြစ်သည်။ အသင်းဝင်လိုသူများနှင့် စိတ်ပါဝင်စားသူများသည် Wise International School for Executives ဖုန်း-၀၁-၅၅၆၁၈၃နှင့် ၀၉-၅၁၅၇၀၃၂ တို့သို့ ဆက်သွယ်စုံစမ်းကြိုတင်စာရင်းပေးသွင်းနိုင်သည်။ Wise International School for Executives တွင် Business လုပ်ငန်းနှင့်ပတ်သက်သောManagement သင်တန်းများကို လစဉ်ဖွင့်လှစ်သင်ကြားပို့ချနေကြောင်း သိရှိရသည်။

(သတင်းစဉ်)

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလထုတ် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၄၂) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၉

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်သော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၄၂)ကို အထက(၂)လသာမှ ခြောက်ဘာသာဂုဏ်ထူးရှင် မနှင်းယုအောင်၏ မျက်နှာဖုံးဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ မောင်စိမ်းနောင် (လယ်ဝေး)၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ ထွန်းတင့်လင်း(မောမြေမြင့်)၊ ကောင်းမြတ်(ခရာတော)၊ ပုဏ္ဏဝတီတင့်နှောင်း၊ တွန်းအားရှင်၊ မောင်နီဝင်း(ပခုက္ကူ)၊ မင်းယဉ်စု၊ ဇော်မျိုးဟန်(ငါးသိုင်းချောင်း)၊ မနွယ်(ကလော)၊ တက္ကသိုလ်တင်ခ၊ စိန်လင်း (ခွဲစိတ်နှင့် ကင်ဆာပါရဂူ)၊ ဦးကျော်စိန်(မန္တလေး)၊ မင်းလှမြတ်ထွေး၊ သာနိုင်အောင်(ကျိုက်မရော)၊ မြင့်သိန်းအောင်၊ မလေး(မုံရွာ)၊ မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)၊ ခင်ဇ(စက်မှု)၊ သောင်းဝင်း (ယဉ်ကျေးမှု)၊ ကိုမိုး(ရွှေပြည်သာ)၊ မင်းနွယ်၊ သစ္စာမေတ္တာကိုကိုအောင်၊ ဦးကျော်ကျော်သန်း (ရွှေဘို)၊ လှမြင့် (ရန်ကုန်တက္ကသိုလ်)၊ ညောင်ညိုပင်ကျော်ဝင်း၊ တက္ကသိုလ်စိုးယဉ်၊ မောင်တင်ယု၊ မင်းဦး(ဒဿန)၊ စောဟန်၊ သာဇေ၊ ရေချမ်း၊ ဇော်ဗိုလ်လူ၊ ဟသ်ာတမောင်မျိုးသက်၊ မင်းရွှေမိုး၊ ပုရစ်ဖူး(မင်းလှ)၊ ခင်ဖုန်းကြည်(မိုင်းပွန်)၊ ကောင်းစိတ်လင်း၊ Aမိုင်(မူဆယ်)၊ ပြည့်ညို၊ မင်းသက်ခိုင် (ဝက်လာ)၊ နတ်မောက်ကြည်မြိုင်၊ မောင်နွေဝေး(သောင်ပြာကျွန်း)၊ မင်းနွယ်အောင် (စုံနံ့သာမြိုင်)၊ မြတ်ဘုန်း (တပ်ကုန်း)၊ မြတ်လွမ်းနောင်(ပုတီးကုန်း)၊ မောင်သစ်ကြည်၊ ဗဂျီဖုန်းမြိုင်(တပ်ကုန်း)၊ မောင်ငြိမ်းရည် (မင်းကင်း)၊ ဘုန်းသစ်အောင်၊ ရွှေညာသားမြတ်မင်း၊ ငွေးပုလဲ၊ ကိုထွန်းထွန်း(သာယာဝတီ)၊ နီငြိမ်း (အညာတက္ကသိုလ်)၊ မြင်းမူဦးအောင်မြင့်သိမ်း၊ နေမျိုးသန့်၊ စာတည်းတစ်ဦး၊ တက္ကသိုလ်ကိုလတ်၊ ဒေါ်ထက်ထက်၊ သုကိုကို(ကျုံမငေး)၊ ကျော်ဇောဟိန်း (ဒေါ်ပုံ)၊ မမ(တရားရေး)၊ မင်းဇော်ထွန်း (ဘူးသီးတောင်)၊ မြင့်မြတ်သိင်္ဂီ၊ မောင်မောင်ကြည်သန့်(ရတနာမြေ)၊ စည်တော်သံ၊ နွေသင်နိုင်၊ ညိုလွမ်းအောင်၊ ဆင်ဖြူကျွန်းအောင်သိန်းတို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ကာတွန်း၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ တောဝေလေ့စာပန်းချီ၊ ဓမ္မအလင်းကဗျာပန်းခင်း၊ မှတ်သားစရာ သတ်ပုံကဗျာ၊ ကဗျာပန်းရုံရိပ်၊ ဗုဒ္ဓစာဥယျာဉ်၊ တိုင်းရင်းသားကဏ္ဍ၊ နိုင်ငံ့ဂုဏ်ရည်သားစစ်သည်ကဏ္ဍ၊ စင်ကာပူခရီးသည်၊ ကျောင်းသားလူငယ်ကဏ္ဍ၊ ဖွံ့ဖြိုးဝေစည်နိုင်ငံ့ဂုဏ်ရည်၊ နက္ခတ်အမြင်နှင့် ဇာတာရှင်၊ ဟာသရသကဏ္ဍ၊ ရုပ်ရှင်ဗီဒီယိုကဏ္ဍ အစရှိသည်တို့ဖြင့် သုတရသစုံလင်စွာ စီစဉ်တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) အမှတ်(၅၂၉-၅၃၁) စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) သစ္စာလမ်း ရန်ကင်းဆရာအတတ်သင်ရှေ့ ရန်ကုန်မြို့ ဖုန်း-၇၂၅၅၃၀ နှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အမှတ် (၁၅) ရပ်ကွက် ဗိုလ်ချုပ်လမ်းမပေါ်ရှိ မြကန်သာတံတား ကွန်ကရစ်လောင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်နီနီအောင် ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် အင်ဂျင်နီယာမှူး ဦးဇော်မျိုးထွေးတို့ ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

တာမွေမြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ ၂၀၁၀-၂၀၁၁ ခုနှစ် စာပေထူးချွန်ဆုရရှိသော ပထမတန်းမှ မောင်ကောင်းပြည့်စုံအား ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်ညွှန့် ဆုချီးမြှင့်စဉ်။ (၇၄)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၀-၁-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၁၅	၅။	ဓမ္မပူဇာတေး
၇း၂၀	၆။	မျိုးချစ်တပ်မတော်
၇း၂၅	၇။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၃။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၄။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၁၁း၀၄	၃။	နိုင်ငံတော်သီချင်း
၁၁း၀၅	၄။	အဖွင့်သီချင်း
၁၁း၁၀	၅။	မျိုးချစ်တပ်မတော်
၁၁း၃၀	၆။	**ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၂၆)**
၁၁း၂၅	၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -နှောင်ကြိုး**
၁၂း၃၀	၈။	ကျန်းမာသုတ
၂း၀၀	၉။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၃၇)**
၂း၅၀	၁၀။	အပိတ်နှုတ်ဆက်စကား
၂း၅၅	၁၁။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄	၃။	နိုင်ငံတော်သီချင်း
၄း၀၅	၄။	အဖွင့်သီချင်း
၄း၁၀	၅။	မျိုးချစ်တပ်မတော်
၄း၂၀	၆။	မြန်မာ့ရှုခင်း
၄း၃၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၄း၃၅	၈။	လျှပ်တစ်ပြက်
၄း၄၀	၉။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၄၅	၁၀။	အားလုံးရဲ့တာဝန်
၄း၅၀	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၂၀	၁၂။	ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၅။	ဘဝကြေးမုံ [လရောင်ဆမ်းသောပီတိ](သရုပ်ဆောင်- အကယ်ဒမီ ချိုပြုံး၊ လေပြေ၊ ရန်နိုင်နှင့်သရုပ်ဆောင်များ) [ဒါရိုက်တာ-ဆဲဗင်း(IC)]
၆း၅၀	၁၆။	ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀	၁၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၅၁)**
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	နိုင်ငံတကာသတင်း
	၂၁။	မိုးလေဝသသတင်း
	၂၂။	ပဟေဠိနန်းတော်
	၂၃။	ကျန်းမာသုတ
	၂၄။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဘတစ်ပြန်ကျားတစ်ပြန် (အပိုင်း-၆)**
	၂၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း(အပိုင်း-၂၄)**
	၂၇။	သင့်အတွက်မနက်ဖြန်
	၂၈။	အပိတ်နှုတ်ဆက်စကား
	၂၉။	ပြီးပါပြီ။

အမေရိကန်သံတမန်တစ်ဦးကို ပြန်လည်လွှတ်ပေးရန် ပါကစ္စတန်နိုင်ငံရှိ အမေရိကန်သံရုံး တိုက်တွန်း

အစ္စလာမ္မာဘတ် ဇန်နဝါရီ ၂၉

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၌ အာဏာပိုင်များက ထိန်းသိမ်းထားသော အမေရိကန်သံတမန်တစ်ဦးကို ချက်ချင်းပြန်လည်လွှတ်ပေးရန် မြို့တော် အစ္စလာမ္မာဘတ်ရှိ အမေရိကန်သံရုံးက ဇန်နဝါရီ ၂၉ရက်တွင် တိုက်တွန်းလိုက်သည်။

လူနှစ်ဦးကို သေနတ်ဖြင့် ပစ်သတ်ခဲ့သူမှာ အမေရိကန်သံတမန်တစ်ဦးဖြစ်ပြီး ကနဦးအနေဖြင့် ၎င်းကို အမေရိကန်ကောင်စစ်ဝန်ရုံး အလုပ်သမားတစ်ဦးအဖြစ် သတင်းများတွင် ရေးသားဖော်ပြခဲ့သည်။

မိမိသည် သံတမန်တစ်ဦးဖြစ်သဖြင့် သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းအရ ပြန်လည်လွှတ်ပေးရန် ၎င်းကိုယ်တိုင်က ရဲတပ်ဖွဲ့ထံ တောင်းဆိုခဲ့ပြီးဖြစ်ကြောင်း အမေရိကန်သံရုံး၏ ကြေညာချက်တွင် ဖော်ပြသည်။

အမေရိကန်သံတမန်အား ထိန်းသိမ်းထားခြင်းသည် ဗီယင်နာကွန်ဗင်းရှင်းပါ နိုင်ငံတကာစည်းမျဉ်းသတ်မှတ်ချက်များကို ချိုးဖောက်ရာရောက်ကြောင်း၊ အဆိုပါ ကွန်ဗင်းရှင်း၌ လက်မှတ်ရေးထိုးထားသော နိုင်ငံများတွင် ပါကစ္စတန်နိုင်ငံလည်းပါဝင်ကြောင်း ယင်းကြေညာချက်၌ ဖော်ပြထားသည်။

ထိန်းသိမ်းခံထားရသူမှာ ရေမွန်ဒေးဗစ်ဆိုသူဖြစ်ပြီး လာဟိုးမြို့ရှိ အမေရိကန်ကောင်စစ်ဝန်ရုံး၌ အလုပ်လုပ်ကိုင်နေသော အမေရိကန်အရပ်သားတစ်ဦးဖြစ်သည်ဟု အမေရိကန်နိုင်ငံခြားဌာနက အစောပိုင်းတွင် ပြောကြားခဲ့သည်။

ဒေးဗစ်သည် လာဟိုးမြို့ရှိ လူစည်ကားသော လမ်းတစ်လမ်းပေါ်၌ ဇန်နဝါရီ ၂၇ရက်က မော်တော်ကားမောင်းနှင်လာစဉ် လက်နက်ကိုင်ဆောင်ထားသူနှစ်ဦးက မော်တော်ဆိုင်ကယ်စီးကာ ၎င်း၏ အနီးအပါးသို့ ချဉ်းကပ်လာချိန်တွင် မိမိကိုယ်မိမိ ကာကွယ်သည့်အနေဖြင့်သေနတ်ဖြင့်ပစ်ခတ်ခဲ့ရာမှသေနတ်သမားနှစ်ဦးသေဆုံးခဲ့ရသည်။

သေနတ်သံပေါ်ထွက်လာပြီးနောက် ဒေးဗစ်အားကယ်တင်ရန် လိုက်လာသော အမေရိကန်ကောင်စစ်ဝန်ရုံးမှ ကားတစ်စီးက ပါကစ္စတန်လူမျိုးတစ်ဦးအား တိုက်မိခဲ့ရာ ကားတိုက်ခံရသူသေဆုံးခဲ့သည်။ **အင်တာနက်။**

လာဟိုးမြို့ရှိ တရားရုံးတစ်ရုံးသို့ ရုံးထုတ်လာသော အမေရိကန်သံတမန်အား ရဲတပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် အတူ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်ရေရှားပါးမှု မျိုးနွယ်စုများအကြား တင်းမာမှုကြီးထွားလာ

ကာကွတ်(အီရတ်) ဇန်နဝါရီ ၂၉

အီရတ်နိုင်ငံ ကာကွတ်ပြည်နယ်၌ ရေရှားပါးမှု ပြဿနာ အခြေအနေဆိုးရွားလာသဖြင့် ပြည်နယ်အတွင်း နေထိုင်ကြသည့် လူမျိုးပေါင်းစုံအကြားတွင် တင်းမာမှုများ ကြီးထွားလာနေကြောင်း စနေနေ့ အေအက်ဖ်ပီသတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

ဆောင်းရာသီကာလ၌ ဆည်၏ရေထွက်ပေါက်အား ပိတ်လိုက်ခြင်းဖြင့် ၎င်းတို့ကို ပျက်စီးရန် ဆောင်ရွက်နေကြသည်ဟု ကာ့ဒ်တို့ကို ကာကွတ်ယာသမားများက စွပ်စွဲလျက်ရှိသည်။

ကာ့ဒ်တို့ကြောင့် ၎င်းတို့ ထိခိုက်နေပြီဖြစ်ကြောင်း၊ ဘဂ္ဂဒက်နှင့် ကာကွတ်မှ တာဝန်ရှိ အရာရှိများက ထိုပြဿနာကို အရေးယူဆောင်ရွက်မည်မဟုတ်ကြောင်း ဆွန်နီမျိုးနွယ်စု ခေါင်းဆောင်များ အဓိကပါဝင်သည့် အာရပ်နိုင်ငံရေးကောင်စီ ခေါင်းဆောင်တစ်ဦးဖြစ်သူ ရှိတ်ခါလက်အယ်လ်မာဖရာဂျီက ပြောကြားသည်။

ပြဿနာ၏ အဓိကသော့ချက်မှာ ဒူကန်ဆည်ဖြစ်သည်။ ယင်းသည် ကာကွတ်ပြည်နယ်၏ အရှေ့မြောက်ဘက် မိုင် ၅၀ အကွာရှိ နိုင်ငံမြောက်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကာ့ဒ်ဒေသ၌ ရှိ၍ ၁၉၅၅ ခုနှစ်၌ တည်ဆောက်ခဲ့သည်။

ကာ့ဒ်တို့ကဇွန်မှစက်တင်ဘာလအတွင်းရေကို အမြောက်အမြားလွှတ်ပေး၍ အောက်တိုဘာလ၌ အနည်းငယ်သာ လွှတ်ပေးကြောင်း၊ သို့အတွက် သောက်သုံးရေ မလုံလောက်သည့်အပြင် သီးနှံစိုက်ခင်းများသို့ ရေသွင်းရန် အခက်အခဲရှိကြောင်း မာဖရာဂျီက ရှင်းလင်းသည်။

ရေနံကြွယ်ဝသည့် ကာကွတ်ပြည်နယ်တွင် စိုက်ပျိုးနိုင်သော မြေဧရိယာသည် ဧက ၆၁၇,၇၄၀ ရှိ၍ စိုက်ပျိုးရေးလုပ်သားများမှာ ယင်းပြည်နယ်ရှိလုပ်သားအင်အား စုစုပေါင်း၏ ၁၆ ရာခိုင်နှုန်းရှိသည်ဟု ကုလသမဂ္ဂစစ်တမ်း၌ ဖော်ပြသည်။

ဆောင်းရာသီသီးနှံအဖြစ် ဂျုံနှင့်ပြောင်းကို စိုက်ပျိုးပြီး နွေရာသီတွင် နှမ်း၊ ခရမ်းချဉ်သီးနှင့် ဖရဲသီးများကို စိုက်ပျိုးကြသည်။

၂၀၁၀ခုနှစ် အောက်တိုဘာလတွင် ထုတ်ပြန်သည့် ကုလသမဂ္ဂ နှစ်ချုပ်စာတမ်း၌ မိုးရွာသွန်းမှုမှာ ၂၀၀၈ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၂၀၀၉ ခုနှစ်၌ လျော့နည်းကြောင်း၊ အခြေအနေမှာ စိုးရိမ်ဖွယ်ရာရှိကြောင်း၊ ပျမ်းမျှမိုးရေချိန်၅၀ ရာခိုင်နှုန်းအောက်သာရှိကြောင်း ဖော်ပြထားသည်။

ကာကွတ်၌ ခန့်မှန်းခြေလူဦးရေ ၉၀၀,၀၀၀ ရှိ၍ ၃၁ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်ကြကြောင်း၊ နေထိုင်သည့် မျိုးနွယ်စုများမှာ အာရပ်များ၊ တူရကီများနှင့် ကာ့ဒ်များဖြစ်ကြကြောင်း အဆိုပါ စာတမ်းတွင် ရေးသားထားသည်။ **အေအက်ဖ်ပီ။**

ကာကွတ်ပြည်နယ် ဟာဝီဂျာခရိုင်တွင် တူးမြောင်းတစ်ခုအတွင်း ရေနည်းပါးလာခြင်းကို လက်နက်ကိုင် ရှာဝါပြည်သူ့စစ်တစ်ဦးနှင့် အာရပ်ယာသမားတစ်ဦးတို့ စစ်ဆေးကြည့်ရှုနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သြစတြေးလျနှင့်အင်ဒိုနီးရှား ဘာလီကျွန်းခရီးစဉ်များ ဗာဂျင်း၊ ဂျက်စတားလေကြောင်းလိုင်းများ ပြန်လည်ပျံသန်းမည်

ကင်ဘာရာ ဇန်နဝါရီ ၂၉

အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့ အသွားအပြန်ခရီးစဉ်များကို မီးတောင်ပြာများကြောင့် ဖျက်သိမ်းခဲ့ရပြီးနောက် စနေနေ့တွင် ပြန်လည်ပျံသန်းမည်ဖြစ်ကြောင်း သြစတြေးလျနိုင်ငံ ဗာဂျင်းဘလူးနှင့် ဂျက်စတားလေကြောင်းလိုင်းတို့က ထုတ်ဖော်ပြောကြားသည်။

အရှေ့ဂျာဗားရှိ ပေါက်ကွဲနေသော မီးတောင်မှပြာများသည် အင်ဒိုနီးရှားနိုင်ငံ ဒင်ပါဆာလေဆိပ်ရှိ လေယာဉ်ပြေးလမ်းပေါ်သို့ လွင့်စဉ်ကျရောက်လျက်ရှိသောကြောင့် ဇန်နဝါရီ ၂၇ ရက်က ခရီးသည် ထောင်ပေါင်းများစွာ ခရီးနှောင့်နှေးခဲ့ရသည်။

ခန့်မှန်း

မီးတောင်ပြာများကို စောင့်ကြည့်လျက်ရှိသော သြစတြေးလျနိုင်ငံမြောက်ပိုင်းရှိ ဒါဝင်မီးတောင်ပြာအကြံပြုဌာနက စနေနေ့ ညပိုင်း၌ ပြာများလွင့်ပြယ်သွားမည်ဟု ခန့်မှန်းခဲ့သည်။

ဗာဂျင်းဘလူးလေကြောင်းလိုင်းက စနေနေ့တွင် ခရီးစဉ်များ ပြန်လည်စတင်ပျံသန်းမည်ဖြစ်သည်။ ဂျက်စတားလေကြောင်းလိုင်းသည် သြစတြေးလျနိုင်ငံ ပါ့သ်မြို့မှ ခရီးစဉ်တစ်ခု စတင်ပျံသန်းခဲ့သော်လည်း အခြားခရီးစဉ်များ ပြေးဆွဲရေးကို ဆုံးဖြတ်ချက် မချရသေးချေ။ **ဆင်ဟွာ။**

ပါကစ္စတန်မျိုးနွယ်စုဒေသတွင် ဗုံးနှစ်လုံးပြင်းထန်စွာဆင့်ကဲပေါက်ကွဲ

ပက်ရှ်ဝါ ဇန်နဝါရီ ၂၉

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းရှိ ခိုင်ဘာမျိုးနွယ်စုများနေထိုင်ရာ ဒေသတွင် ဇန်နဝါရီ ၂၉ ရက်က ဗုံးနှစ်လုံးဆင့်ကဲပေါက်ကွဲခဲ့ရာ လူအချို့ဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာ သတင်းအရင်းအမြစ်များတွင် ဖော်ပြသည်။

ပထမဗုံးသည် သတင်းစာဆရာအသင်းတိုက်အနီးတွင် ပေါက်ကွဲကြောင်း၊ ပေါက်ကွဲမှုပြင်းထန်သဖြင့် ယင်းအသံကို ပက်ရှ်ဝါမြို့နှင့် ကပ်လျက်တွင်ရှိသော ဘာရာဘာဇာဒေသမှပင် ကြားရကြောင်း၊ ယင်းနေရာ၌ပင် ဒုတိယဗုံးသည် မိနစ်အနည်းငယ်သာခြားပြီးပေါက်ကွဲကြောင်း သတင်းတွင်ပါရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အသေခံဗုံးဖောက်ခွဲမှုကြောင့် ကန်ဒါဟာပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး သေဆုံး

ကန်ဒါဟာ ဇန်နဝါရီ ၂၉

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် စနေနေ့က အသေခံမော်တော်ဆိုင်ကယ်ဗုံးဖြင့် တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူးသေဆုံးခဲ့ပြီး ငါးဦးထက်မနည်းဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကန်ဒါဟာပြည်နယ် မြို့တော်ကန်ဒါဟာရှိ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး အဗ္ဗဒူလာတစ်အက်ရှာသည် ၎င်း၏နေအိမ်မှ အလုပ်သို့သွားရန်ထွက်ခွာလာစဉ် တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း အုပ်ချုပ်ရေးမှူး၏ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ယင်းပေါက်ကွဲမှုတွင် ဒဏ်ရာရရှိခဲ့သော အရပ်သားများကို ဆေးရုံသို့ တင်ပို့ခဲ့သည်ဟုဆိုသည်။

စစ်သွေးကြွများသည် လွန်ခဲ့သောနှစ်က အစိုးရနှင့် နိုင်ငံရေး ခေါင်းဆောင်များအား လုပ်ကြံသတ်ဖြတ်မှုများကို တိုးမြှင့်လုပ်ဆောင်ခဲ့သည်။ ဇွန်လလယ်နှင့် စက်တင်ဘာလအတွင်း တစ်ရက်လျှင် သုံးဦးနှုန်း၊ ရက်သတ္တတစ်ပတ်လျှင် ၂၁ဦးနှုန်းဖြင့် လုပ်ကြံခြင်းဖြစ်ခဲ့ကြောင်း ကုလသမဂ္ဂက ပြောကြားသည်။ **ရိုက်တာ။**

ကန်ဒါဟာပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး လိုက်ပါလာခဲ့သော မော်တော်ယာဉ်ကို ဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကော့စတာရီကာရဲတပ်ဖွဲ့က ကိုကင်း ၁၄၇ ကီလိုဂရမ် သိမ်းဆည်းရမိ

ဆန်ဟိုဆေး ဇန်နဝါရီ ၂၉

ကော့စတာရီကာနိုင်ငံမြောက်ပိုင်းနယ်စပ်တွင် ဇန်နဝါရီ ၂၈ ရက်က အယ်လ်ဆာဗေးဒိုးနိုင်ငံသားတစ်ဦးထံမှ ကိုကင်း ၁၄၇ ကီလိုဂရမ်ကို မူးယစ်ဆေးဝါးထိန်းချုပ်ရေးရဲတပ်ဖွဲ့က သိမ်းဆည်းရမိကြောင်း၊ ယင်းကိုကင်းများကို ကားတစ်စီးအတွင်း အပြည့်အသိပ်တင်လာခြင်းဖြစ်ကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ အယ်လ်ဆာဗေးဒိုးနိုင်ငံသားသည် အိတ် ၈၆၇ လုံးအတွင်း ကိုကင်းများကို ရေခဲရိုက်ထားသည့် ငါးများနှင့် ရောနှောထည့်သွင်း၍ ပနားမားကိုဖြတ်ကာ ကော့စတာရီကာနိုင်ငံအတွင်း ဝင်ရောက်လာခြင်းဖြစ်သည်။ ၎င်းအားကော့စတာရီကာနှင့် နီကာရာဂွါနှစ်နိုင်ငံအကြား လုံခြုံရေးစစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးနိုင်ခဲ့ခြင်း ဖြစ်သည်။

၎င်းအား ဆန်ဟိုဆေးမြို့ အနောက်မြောက်ဘက်မှ ကီလိုမီတာ ၁၅၀ကွာဝေးသော တရားရုံးသို့ ခေါ်ဆောင်သွားပြီး မူးယစ်ဆေးဝါး တရားမဝင်ရောင်းချမှုဖြင့် တရားစွဲဆိုမည်ဖြစ်သည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဝန်ကြီး ဦးဌေးဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့မှ ဧည့်သည်အဖွဲ့များနှင့် FAO ဌာနေကိုယ်စားလှယ်တို့ အသီးသီးလာရောက်တွေ့ဆုံ

နေပြည်တော်　ဇန်နဝါရီ　၂၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ CHINA CAMC Engineering Co., Ltd. မှ General Manager Mr.Song Zhe နှင့်အဖွဲ့သည် ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ ဗြိတိန်နိုင်ငံ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာအဖွဲ့ (South East Asia and Pacific Group)၏ အကြီးအကဲ Mr. John Murton သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E.Mr.Andrew Richard Heyn နှင့်အတူ ဇန်နဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) ဌာနေကိုယ်စားလှယ် Dr. Shin Tmai သည် ဇန်နဝါရီ ၂၇ ရက် ည ၇ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ အသီးသီးလာရောက်တွေ့ဆုံကြပြီး လယ်ယာကဏ္ဍ ရင်းနှီးမြှုပ်နှံရေးဆိုင်ရာကိစ္စရပ်များ၊ လယ်ယာကဏ္ဍတွင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လာရောက်တွေ့ဆုံ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနေကိုယ်စားလှယ် Dr. Shin Tmai လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ကျိုက်ထိုမြို့နယ်၌ စာအုပ်စာစောင်၊ ပရိဘောဂနှင့် ငွေပဒေသာပင် လှူဒါန်းပွဲကျင်းပ

နေပြည်တော်　ဇန်နဝါရီ　၂၉

ကျိုက်ထိုမြို့နယ် ကမ်းနီကျေးရွာအုပ်စု သထုံစုကျေးရွာ ပညာ့ဥယျာဉ်စာကြည့်တိုက်အတွက် စာအုပ်စာစောင်၊ ပရိဘောဂနှင့် ငွေပဒေသာပင်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက် ၁၀ နာရီတွင် အဆိုပါစာကြည့်တိုက်၌ကျင်းပရာ သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းကြည်စိန်က စာကြည့်တိုက်ရှင်သန်ခိုင်မာရေး လုပ်ငန်းစဉ် (၅)ရပ်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လှူဒါန်းပွဲကို ကျင်းပရာ ကျေးရွာမှ စုပေါင်းလှူဒါန်းငွေကျပ်တစ်သိန်းကို ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်ဦးကလည်းကောင်း၊ ဦးမြင့်လွင်(လွင်ပရိဘောဂ)က ငွေကျပ် ၄၀၀၀၀ တန်ဖိုးရှိ စားပွဲ၊ ကုလားထိုင် တစ်စုံကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်စာစောင် ၅၀ကို စာထောက်-၃ ဒေါ်သန်းသန်းမော်ကလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြပြီး စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစိုးရွှေက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အသက်(၇၅)နှစ်ပြည့်ပြီး အဖွဲ့ဝင်များနှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသောအဖွဲ့ဝင်များ၏ သား၊ သမီးများအား ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားတွင် အသက် (၇၅)နှစ်ပြည့်ပြီး အဖွဲ့ဝင်တစ်ဦးအား မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးမိုးဇော်လှိုင်(ငြိမ်း) ထောက်ပံ့ငွေချီးမြှင့်စဉ်။

(စစ်မှုထမ်းဟောင်း)

အထက်ပိုင်းဒေသများ ညအပူချိန် အနည်းငယ်လျော့နည်းနိုင်

နေပြည်တော်　ဇန်နဝါရီ　၂၉

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြား သည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် (-၃) ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ပင်လောင်းမြို့တို့တွင် ၁ ဒီဂရီစင်တီဂရိတ်စီ၊ ဟဲဟိုးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့နှင့် မိုးကုတ်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဇန်နဝါရီ ၃၀ ရက် ညနေထိခန့်မှန်းချက်။ ။ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရွှေတောင်မြို့မှ ဒေါ်အိငွေဦးဆောင်သော မြို့မဈေးကြီး ဈေးသူ၊ ဈေးသားများစုပေါင်း၍ ပေါင်းတည်မြို့ ဘိုးဘွားရိပ်သာသို့ နဝကမ္မအလှူငွေကျပ်သုံးသိန်းငါးသောင်းကို ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးမောင်မောင်သန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးပေါ်စိန်တို့ လက်ခံစဉ်။

(၁၃၅)

အထက(၄)တာမွေ မြတ်ဆရာပူဇော်မည်

ရန်ကုန်　ဇန်နဝါရီ　၂၉

အထက(၄) တာမွေ(မိန်းကလေး) ကျောင်း၏ မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို မေ ၁ ရက် (အလုပ်သမားနေ့) တွင် ကျင်းပမည်ဖြစ်သဖြင့် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၅ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသူဟောင်းများမပျက်မကွက်တက်ရောက်ကြပါရန် မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။

(ကြေးမုံ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၇) အမှတ်(၅)ထွက်ရှိ

ရန်ကုန်　ဇန်နဝါရီ　၂၉

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၇) အမှတ်(၅)တွင် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေလာပြီ၊ မြန်မာ-ကမ္ဘောဒီးယားနှစ်နိုင်ငံသို့ ဗီဇာတစ်ခုတည်းဖြင့် သွားနိုင်တော့မည်၊ လာမည့်နွေ အပူကဲမည်၊ မြန်မာနိုင်ငံတွင် ပြည်ပဧည့် အဝင်များလာသဖြင့် လိုင်စင်သစ်လျှောက်သည့် တိုးရ်ကုမ္ပဏီ ၉၀ ထိ ရှိလာ၊ မလေးတွင် အလုပ်ရမည်ဆိုတိုင်း မယုံလေနှင့်၊ ရန်ကုန်-ဂျကာတာ MAI ပျံသန်းမည်၊ ဗီယက်နမ်ကုန်ကြမ်းဖြန့်ဖြူးရေးစင်တာကြီး ဆောက်လုပ်မည်၊ အီးယူ ၂၇ နိုင်ငံသို့ မြန်မာရေထွက်ပစ္စည်းများရောင်းနိုင်ပြီဖြစ်၍ ဈေးကောင်းရလာနိုင်၊ အွန်လိုင်းမှ ဖုန်းလျှောက်သူများ သုံးရက်အတွင်း ငွေသွင်းရမည်၊ မြန်မာကို ဆိုက်ရောက်ဗီဇာမပေးသော်လည်း ဗုဒ္ဓဂယာဘုရားဖူးလုပ်ငန်း ထိခိုက်မှုမရှိ စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ ဟိုမှာလည်းကား ဒီမှာလည်းကား ကားဝယ်စီးကြမလား၊ သူတို့တွေက ငွေပဲအဓိကထားတာ ဆိုမာလီ ဓားပြတို့၏ ပြန်ပေးဆွဲခံရသော ဦးကျော်စိုးနှင့်တွေ့ဆုံခြင်း၊ တက္ကသိုလ်ဝင်တန်းဖြေမည်ဆိုလျှင်၊ သဘာဝဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ပါ၊ မြန်မာ့စီးပွားရေး ပြုပြင်ပြောင်းလဲဖို့ ဆိုရင်၊ AFTA အခွန်ကင်းလွတ်ခွင့်စနစ်နှင့် မြန်မာနိုင်ငံ၊ အယ်ဒီတာ့ထံပေးစာ၊ ပြောင်းလဲခြင်းဟူသည် စသည့် ဖတ်စရာ၊ မှတ်စရာဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာပြီဖြစ်သည်။

ဟီရိုရှီးမားနဲ့ နာဂါစကီးလိုမဖြစ်အောင် ကာကွယ်သွားမယ် IAEA အကြီးအကဲ ယူကီယာအမန်နိုနှင့် စပီဂျဲလ်မဂ္ဂဇင်းတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ အမေရိကန်နှင့် တရုတ်တို့ လက်တွေ့ဆန်သောနှောင်ဖွဲ့မှုပြုရန်သဘောတူ၊ မော်စကိုလေဆိပ်၌ အသေခံဗုံးခွဲတိုက်ခိုက်ခံရ၊ တရုတ်နှစ်သစ်ကူးပွဲတော်နှစ်စဉ်အိမ်ပြန်ခရီးစတင်၊ စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်ကို ရောင်းစားတဲ့ အင်ဂျင်နီယာ ထောင်ဒဏ် ၃၂ နှစ်ကျခံရ၊ ဗိုက်မှောက်အိပ်စေခြင်းက ကလေးငယ်များကို သေဆုံးစေနိုင်၊ အမေရိကန်နှင့် တရုတ်တို့၏ အပြုသဘောဆောင်လာမည့် အနာဂတ်ဆက်ဆံရေး၊ ပထမဆုံး အသံအိုး အစားထိုးခွဲစိတ်မှုခံယူရသည့် အမျိုးသမီးကြီး အသံထွက်နိုင်ပြီ၊ နှလုံးဝေဒနာကို စောင့်ကြည့်စစ်ဆေးပေးမည့်ကိရိယာ စင်ကာပူမှမ်မိမ်ဖန်တီး၊ အိုင်ယာလန်တွင် စီးပွားရေးအကျပ်အတည်းကြောင့် ဦးနှောက်ယိုစီးမှု ပေါ်ပေါက်စေခဲ့ စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Madia House မှ မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ် အထက၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုနှင်းသဘင်နှင့် ၂၀၁၀-၂၀၁၁ ပညာရေး စုံညီပွဲတော်ကို ပြည်ထောင်စုခန်းမဆောင်၌ ဇန်နဝါရီ ၂၀ ရက်က ကျင်းပရာ အဋ္ဌမတန်းတွင် ဘက်စုံထူးချွန် ပထမဆုရရှိသော မခင်စုမြတ်သီရိစံအား ကျောင်းအုပ်ဆရာကြီး ဦးအောင်နိုင်စိုး ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

(မြို့နယ်ပြန်/ဆက်)

မီးဘေးကာကွယ်ရေး လေ့ကျင့်

မြင်းမူ　ဇန်နဝါရီ　၂၉

မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးဝန်ထမ်းများနှင့် ဈေးသူ၊ ဈေးသားများစုပေါင်း၍ ဇာတ်တိုက်လေ့ကျင့်နေမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးဗိုလ်အောင်မောင်မောင်၊ အမှုဆောင်အရာရှိ ဦးသန်းဇော်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းဝင်းနှင့် ဈေးမိဈေးဖတို့က ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

စာမေးပွဲအတွက် ပြင်ဆင်ခြင်းဆိုင်ရာများ ရှင်းလင်းပြောကြားမည်

ရန်ကုန်　ဇန်နဝါရီ　၂၉

စင်ကာပူ အစိုးရမူလတန်းနှင့် အလယ်တန်းကျောင်းများသို့ ဝင်ခွင့်လျှောက်ထားလိုသော မိဘများအတွက် AEIS (Admission Exercise for International Students), QT (Qualifying Test) ဝင်ခွင့်စာမေးပွဲများအတွက် ပြင်ဆင်ခြင်းနှင့် မိမိတို့ကလေး၏ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည် အသက်အလိုက် ပြင်ဆင်ဖြေဆိုသင့်သော အတန်းများအကြောင်းကို Singapore Education Road Show 2011 ကျင်းပမည့် ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ စင်ကာပူမှ တာဝန်ရှိသူက ရှင်းလင်းပြောကြားမည်ဖြစ်သည်။

AEIS ကို နှစ်စဉ် စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် ကျင်းပလေ့ရှိပြီး စာမေးပွဲအောင်မြင်ပါက ဇန်နဝါရီလတွင် အစိုးရကျောင်းများသို့ တက်ရောက်ရမည်ဖြစ်သည်။ AEIS Test တွင် English နှင့် Mathematics ကို ဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်သော ကျောင်းသားများအား သင့်လျော်သောကျောင်းကို တစ်ခါတည်း ရွေးချယ်နေရာချထားပေးသော စနစ်ဖြစ်သည်ဟု သိရသည်။

မြန်မာနိုင်ငံမှ ကျောင်းသား၊ ကျောင်းသူများအတွက် အသက် ကန့်သတ်ချက် စည်းကမ်းများအကြောင်း၊ ကျောင်းရွေးချယ်လျှောက်ထားနိုင်သော Qualifying Test အကြောင်းကို အဆိုပါနေ့တွင် ရှင်းလင်းပြောကြားမည်ဖြစ်သည်။

Ascensia Academy သည် စင်ကာပူအစိုးရက ချီးမြှင့်ထားသော Best Enrichment Programme ဆုကို ရရှိထားပြီး နိုင်ငံတကာ ကျောင်းသားများအတွက် အစိုးရကျောင်းဝင်ခွင့် ပြင်ဆင်ပေးသော ပရိုဂရမ်များကို သင်ကြားပေးသော စင်ကာပူနိုင်ငံ၏ ပထမဆုံးသောကျောင်းဖြစ်ကာ စင်ကာပူအစိုးရကျောင်းဝင်ခွင့် (Primary 1 မှ Primary 5) အထိ၊ (Secondary 1 မှ Secondary 3) တန်းများအထိ ဝင်ခွင့်ပြင်ဆင်ပေးပြီး စင်ကာပူပညာရေးဝန်ကြီးဌာန၌ မှတ်ပုံတင်ထားသော သင်တန်းများဖြစ်သည်ဟု သိရသည်။

အသေးစိတ်သိရှိလိုပါက CROWN Education ဖုန်း- ၂၁၁၈၈၈၊ လိုင်းခွဲ ၂၂၈-၂၂၉၊ ၀၉-၅၀၈၅ ၁၈၅ နှင့် ၀၁-၇၃၀၄၀၆၈၈ တို့တွင် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မီးဘေးရှောင် မလောင်ခင်တား

ရန်ကုန်ယူနိုက်တက်အသင်း ထိပ်ဆုံးရောက် လက်ရှိချန်ပီယံ ရတနာပုံကို ကမ္ဘောဇ အနိုင်ယူ

သတင်းမှတ်စုနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

ရန်ကုန် ဇန်နဝါရီ ၂၉

MNL Grand Royal 2011 အမှတ်ပေး ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃)ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၊ အောင်ဆန်းကွင်းနှင့် တောင်ကြီးမြို့ရှိ KBZ ကွင်းတို့၌ ဆက်လက်ကျင်းပသည်။

(သုဝဏ္ဏကွင်း)

ရန်ကုန်ယူနိုက်တက်-သုံးဂိုး

(ဂျူဗီနယ်၊ မျိုးမင်းထွန်းနှင့် ချာလက်စ်အိုဘီ)

ဇေယျာရွှေမြေ-နှစ်ဂိုး

(ဂျီလစ်နှင့် စိုးမြတ်သူ)

နေပြည်တော်နှင့် လက်ရှိချန်ပီယံ ရတနာပုံတို့ကို ဂိုးပြတ်အနိုင်ရထားသည့် ရန်ကုန်ယူနိုက်တက်အသင်းမှာ ယနေ့ပွဲတွင်လည်း ဇေယျာရွှေမြေအသင်းကို အနိုင်ယူကာ သုံးပွဲဆက်အနိုင်ရလဒ်နှင့်အတူ အမှတ်ပေးဇယားထိပ်ဆုံးနေရာကို ရယူနိုင်ခဲ့သည်။ ၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲတွင် ဇေယျာရွှေမြေအသင်းကို နှစ်ကျော့စလုံး ရှုံးနိမ့်ခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်းမှာ ရှုံးကြွေးပြန်ဆပ်နိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

ရတနာပုံနှင့်ပွဲတွင် မျက်လုံးဒဏ်ရာ ရရှိခဲ့သည့် မျိုးမင်းထွန်း ပြန်ပါလာပြီး လူစုံထုတ်ကစားခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်းမှာ ပွဲစကတည်းက ဇေယျာရွှေမြေဘက်ကို ဖိကစားခဲ့သည်။ ၂၅ မိနစ်တွင် မျိုးမင်းထွန်း၏ ထောင့်ကန်ဘောမှတစ်ဆင့် ဂျူဗီနယ်က ခေါင်းတိုက်၍ ရန်ကုန်အတွက် အဖွင့်ဂိုး စတင်သွင်းယူခဲ့သော်လည်း နှစ်မိနစ်အကြာမှာပင် ဂျီလစ်က ဇေယျာရွှေမြေအတွက် ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။ သရေဖြစ်ပြီး နောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိလာပြီး ၃၄ မိနစ်တွင် မျိုးမင်းထွန်းက ဒုတိယဂိုးသွင်းယူခဲ့သည်။

၅၂ မိနစ်တွင် ဇေယျာရွှေမြေမှ မင်းသူနှစ်ဝါ၊ တစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ တစ်ယောက်လျော့ပြီး နောက်ပိုင်းတွင် ဇေယျာရွှေမြေကစားပုံ ပိုကောင်းလာပြီး ၅၆ မိနစ်တွင် ရန်ကုန်ဂိုးသမား နိုင်ဇေယျာထွန်း အမှားမှတစ်ဆင့် စိုးမြတ်သူက ဇေယျာရွှေမြေအတွက် ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။ ရန်ကုန်အတွက် အနိုင်ဂိုးကို ၆၂ မိနစ်တွင် တိုက်စစ်မှူး ချာလက်စ်အိုဘီက သွင်းယူခဲ့သည်။

(KBZ ကွင်း)

ကမ္ဘောဇ - တစ်ဂိုး

(စိုးမင်းဦး)

ရတနာပုံ - ဂိုးမရှိ

ကမ္ဘောဇအသင်းမှာ အိမ်ကွင်းတွင် ခြေစွမ်းပြပြီး တိုက်စစ်မှူးစိုးမင်းဦး၏ ၂၄ မိနစ်တွင် သွင်းသောဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

(အောင်ဆန်းကွင်း)

ဉဿာယူနိုက်တက် - တစ်ဂိုး

(လစ်ပီလစ်ပီ)

နေပြည်တော်-ဂိုးမရှိ

(ယနေ့ပွဲ)

(သုဝဏ္ဏကွင်း)

မကွေး - ဇွဲကပင်

(အောင်ဆန်းကွင်း)

ရောဝတီ-ရက္ခပူရ

ရန်ကုန်အတွက် ပထမဂိုးကို ဂျူဗီနယ် ခေါင်းတိုက်သွင်းရာ ဇေယျာရွှေမြေ ဂိုးသမား ညီညီလွင် မကာကွယ်နိုင်ဘဲ ဂိုးပေးလိုက်ရစဉ်။

ဇန်နဝါရီ ၉ ရက်က အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း ဗဟန်းမြို့နယ်၏ ၂၀၀၉-၂၀၁၀ ပညာရည်ချွန်ဆုပေးပွဲ၌ ကျောင်းအုပ်ဆရာကြီး ဦးအေးသန်း အဖွင့်အမှာစကား ပြောကြားစဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ITF 14 & Under Asian Championships 2011 Group(2) တင်းနစ်ပြိုင်ပွဲ၏ ပထမပြိုင်ပွဲ အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပထမရရှိသွားသော နီလာဝင်း (မြန်မာ) နှင့် Shaema AL-OLFI (YEM) အတွဲအား မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အမှုဆောင် ဦးခိုင်ထွေး (ASIA BRAVE TRADING LIMITED.) ဂုဏ်ပြုဆုကြေးငွေ ချီးမြှင့်စဉ်။ (သတင်းဖော်ပြပြီး) (ကြေးမုံ)

ဇန်နဝါရီ ၂၃ ရက်က လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေးနှင့် ဆုနှင်းသဘင်ပွဲတွင် အသင်းဥက္ကဋ္ဌ ဦးကောင်းရင် ဂျပန်မှ ဆေးသိပ္ပံပါရဂူဘွဲ့ရ ဒေါက်တာချိုမာကောင်းမြင့်နှင့် ရန်ကုန်ဆေးတက္ကသိုလ်မှ ဆေးသိပ္ပံပါရဂူဘွဲ့ရ ဒေါက်တာခိုင်ခိုင်ကြည်တို့အား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

✻ ကျောဖုံးမှ

ဝါးပင်၏ ပင်စည်ရိုးတံပုံသဏ္ဌာန် အဆောက်အအုံသည် သဘာဝအလင်းရောင်ကို ရရှိစေရန် တည်ဆောက်မည်ဖြစ်သည်။

ဝါးပင်၏ ပင်စည်ရိုးတံပုံသဏ္ဌာန် မိုးမျှော်တိုက် အဆောက်အအုံကို တည်ဆောက်ခြင်းဖြင့် ပြည်သူများအား သဘာဝပတ်ဝန်းကျင်မပျက် လူနေမှုဘဝ တည်ဆောက်ရန် တိုက်တွန်းနှိုးဆော်နိုင်မည်ဖြစ်သည်။

အင်တာနက်။

◆အိုင်စီတီမှ

ပွဲတော်ကာလ ငါးရက်အတွင်း နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပြည်တွင်းပြည်ပကုမ္ပဏီ ၂၆ ခုတို့က ပြခန်းပေါင်း ၃၀ ဖွင့်လှစ်ပြသခဲ့သည်။

ပွဲတော်လာ ပြည်သူများသည် ရတနာပုံဆိုင်ဘာခန်းမအတွင်း ပြည်တွင်းပြည်ပ ကုမ္ပဏီများက ခင်းကျင်းပြသထားသည့် ခေတ်မီအဆင့်မြင့် အိုင်တီနည်းပညာပစ္စည်းများ၊ ရတနာပုံနည်းပညာမြို့သစ်၌ ရင်းနှီးမြှုပ်နှံကြသည့် ကုမ္ပဏီများမှ ထုတ်လုပ်သည့် အီလက်ထရွန်နစ်ပစ္စည်းများနှင့် ဆက်သွယ်ရေးပစ္စည်းများ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ကုမ္ပဏီများ၏ ဆက်သွယ်ရေးနည်းပညာပြခန်းများနှင့် e-cinema တို့ကို စိတ်ဝင်တစားကြည့်ရှုလေ့လာကြပြီး ဖျော်ဖြေရေးအစီအစဉ်များကို အားပေးခဲ့ကြသည်။ ပွဲတော်ကာလအတွင်း ရန်ကုန်နှင့် မန္တလေးမြို့များတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်တာနက် အသုံးပြုနိုင်သော Mcwill စနစ်များကိုလည်းကောင်း၊ ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်မှ Mobile Application Software များ၊ Web Hosting နှင့် mm Domain Name များကို လည်းကောင်း အသုံးပြုလိုသူများသို့ တပ်ဆင်အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးသည့်အပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပြခန်း၌ EVDO (CDMA စနစ်သုံး Data စနစ်) သုံးစွဲလိုသော လက်ရှိ CDMA 800 MHz တယ်လီဖုန်း သုံးစွဲသူများအား One-Stop Service ဖြင့် ဝန်ဆောင်မှု ဆောင်ရွက်ပေးခဲ့သည်။

နဝမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော်ကို သတင်းအချက်အလက် နည်းပညာဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၌ အထောက်အကူဖြစ်စေရန်၊ ပြည်သူများ၏ နေ့စဉ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ICT နည်းပညာဖြင့် ဖြည့်ဆည်းပေးနိုင်ရန်၊ ခေတ်မီ နည်းပညာရပ်များကို ကမ္ဘာနှင့်အမီ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် ဆိုသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရာ၌ ICT Industry ဖွံ့ဖြိုးတိုးတက်ရေးသည် မရှိမဖြစ် အရေးပါသောကဏ္ဍဖြစ်၍ နိုင်ငံတော်အပိုင်းက ဘက်စုံ စဉ်ဆက်မပြတ် ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ရတနာပုံတယ်လီပို့ကုမ္ပဏီအနေဖြင့် အခြေခံအဆောက်အအုံဖြစ်သည့် အမျိုးသားအဆင့် အင်တာနက် အိတ်ချိန်းတစ်ခု တည်ဆောက်ပြီး ရတနာပုံတယ်လီပို့ ပင်မအဆောက်အအုံ၌ IP Backbone အဆင့်မြှင့်တင်ရေး လုပ်ငန်းများနှင့် IX (Internet Exchange) စက်အသစ်များ ဝယ်ယူတပ်ဆင်ခြင်း၊ VoIP ဖုန်း သုံးစွဲနိုင်ရန်အတွက် IPTV Head End စက်များ တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ IPTV Head End စက်မှ နေ၍ TV Channel များကို စွမ်းဆောင်ရည်အမြင့်ဆုံး HD (High Definition) Quality ဖြင့် ထုတ်လွှင့်ပေးနိုင်မည်ဖြစ်သည်။ ယခုကဲ့သို့ တည်ဆောက်အကောင်အထည်ဖော်ပြီးဖြစ်သည့် IT Infrastructure များအပေါ်၌ ပြည်သူများ အကျိုးရှိစွာ သုံးစွဲနိုင်စေရန်အတွက် တိုင်းပြည်နှင့် လူမျိုးအကျိုးစီးပွား ဖြစ်ထွန်းစေသည့် သတင်းအချက်အလက်နှင့် ဝန်ဆောင်မှုကဏ္ဍ မြောက်မြားစွာ ပါဝင်သော Yatanarpon National Web Portal ကိုလည်း တည်ဆောက်နိုင်ခဲ့သည်။

ရတနာပုံ Web Portal ပေါ်၌ ကဏ္ဍပေါင်းစုံကို သတင်းအချက်အလက် မြောက်မြားစွာဖြင့် စုစည်းဖော်ပြထားပြီးဖြစ်သည့်အတွက် အစိုးရဌာနများ၊ စီးပွားရေးလုပ်ငန်းများ၊ အသင်းအဖွဲ့များ၊ ပုဂ္ဂလိက တစ်ဦးချင်း မည်သူမဆို Web Portal ကို အသုံးပြု၍ သတင်းအချက်အလက်များ၊ ဓာတ်ပုံများ၊ Video များ၊ အသံဖိုင်များကို တစ်နေရာတည်းမှရယူခြင်း၊ ပေးပို့ခြင်းလုပ်ငန်းများကို ကမ္ဘာ့အဆင့်မီ ဆောင်ရွက်နိုင်ကြပြီဖြစ်သည်။

ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကအပိုင်း ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ခဲ့ကြရာ၌ လိုအပ်သည့် Telecommunication Infrastructures နှင့် Legal Framework များ တောင့်တင်းပြည့်စုံမှု ရှိစေရန် ဦးစားပေးဆောင်ရွက်ခဲ့ပြီး Human Resources Development ကဏ္ဍအတွက်လည်း ယခုအခါ ရတနာပုံနည်းပညာတက္ကသိုလ်ကို တစ်ပါတည်းဖွင့်လှစ်နိုင်ခဲ့၍ ICT Industry ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် အထောက်အကူ ဖြစ်စေတော့မည်ဖြစ်သည်။

နဝမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော်တွင် မကြာမီ ပြည်သူများ အသုံးပြုနိုင်တော့မည့် မိုဘိုင်းလ်တယ်လီဖုန်းဖြင့် အင်တာနက် အသုံးပြုနိုင်သည့် EVDO, EDGE ကဲ့သို့သော Mobile Data Communications Services, Mcwill (Multi-Carrier Wireless Information Local Loop) နည်းပညာကဲ့သို့သော ဝိုင်ယာလက် ဆက်သွယ်ရေးနည်းပညာများ၊ ဖိုင်ဘာကြိုးတစ်ချောင်းတည်းဖြင့် အင်တာနက်၊ ဖုန်း၊ တီဗွီပါကြည့်နိုင်သည့် FTTH (Fiber To The Home) နည်းပညာ၊ ဂြိုဟ်တုမှတစ်ဆင့် အသုံးပြုနိုင်သည့် MPS (Multi- Play Services) ကျေးလက်ဒေသသုံး ခေတ်မီဆက်သွယ်ရေးစနစ်များကို ပြည်တွင်းကုမ္ပဏီများက သက်ဆိုင်ရာ ပြည်ပကုမ္ပဏီများနှင့် ပူးပေါင်းပြသမိတ်ဆက်ခဲ့ကြသည်။

ယခင်ကျင်းပခဲ့သော မြန်မာအိုင်စီတီ ပွဲတော်များသည် ပြည်ပနိုင်ငံများ၌ သုံးစွဲနေသော နည်းပညာများနှင့် စက်ပစ္စည်းများကို ဗဟုသုတရရှိနိုင်ရန်သာ ပြသခဲ့သော ပြပွဲများဖြစ်သည်။ ယခုနှစ် မြန်မာအိုင်စီတီပွဲတော်သည် ယခင်ပြပွဲများနှင့် မတူဘဲ ICT နည်းပညာများဖြင့် မြန်မာနိုင်ငံတွင် ထုတ်လုပ်သည့် စက်ပစ္စည်းကိရိယာများကို နိုင်ငံအတွင်းမှာပင် တပ်ဆင်သုံးစွဲနေမှုများကိုပါ ထည့်သွင်းပြသနိုင်၍ အထူးဂုဏ်ယူဖွယ်ရာပင် ဖြစ်သည်။

ယခုနှစ် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော်ကြီးသည် ယခင်နှစ်များက ကျင်းပခဲ့သည့် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော်များထက် ပိုမိုထူးခြားစွာတိုးတက်မှု ရှိလာသည်ကို မြင်တွေ့ခဲ့ရပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

နဝမအကြိမ်မြောက် မြန်မာအိုင်စီတီရက်သတ္တပတ်ပွဲတော်တွင် ပြသခဲ့သော ဆက်သွယ်ရေးလုပ်ငန်းသုံး စက်ပစ္စည်းများကို တွေ့ရစဉ်။

နဝမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော်တွင် ဖွင့်လှစ်ပြသခဲ့သော ပြည်တွင်းပြည်ပကုမ္ပဏီများ၏ ဆက်သွယ်ရေးဆိုင်ရာ ပြခန်းများ၌ စိတ်ဝင်တစား ကြည့်ရှုလေ့လာနေကြသည်ကို တွေ့ရစဉ်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းသား၊ သင်တန်းသူများ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကြည့်ရှုလေ့လာ

နေပြည်တော် ဇန်နဝါရီ ၂၉

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ လေးနှစ်သင်တန်း အမှတ်စဉ်(၄၂)မှ လေ့လာရေးသင်တန်းသား၊ သင်တန်းသူများသည် ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေး (မန္တလေး) ရဲရွာရေအားလျှပ်စစ်စီမံကိန်း၌ လုပ်ငန်းဆောင်ရွက်နေမှုများကို အဖွဲ့များခွဲ၍ လှည့်လည်ကြည့်ရှုလေ့လာကြပြီး ညနေပိုင်းတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရွှေစည်းခုံစေတီတော်မြတ်ကြီး၊ အလိုတော်ပြည့်ဘုရားနှင့် အာနန္ဒာဘုရားတို့အား ဖူးမြော်ကြည်ညိုကြသည်။

လေ့လာရေးသင်တန်းသား၊ သင်တန်းသူများသည် ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် လောကနန္ဒာဘုရား၊ မြစေတီ၊ ဗူးဘုရားနှင့် သဗ္ဗညုဘုရားများအား လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။ ဆက်လက်၍ သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုဦးစီးဌာန ယွန်းပညာကောလိပ်ရှိ ယွန်းပြတိုက်၊ ယွန်းနည်းစဉ်ခန်းမနှင့် ယွန်းလက်မှုပစ္စည်း အရောင်းဆိုင်တို့ကို လည်းကောင်း၊ ပုဂံရှေးဟောင်းသုတေသနပြတိုက်နှင့် သီရိဇေယျဘူမိနန်းတော်တို့ကိုလည်းကောင်း ကြည့်ရှုလေ့လာကြကာ မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ်ရှိ ပုပ္ပားတောင်ကလပ်ကို တက်ရောက်ဖူးမြော် ကြည်ညိုကြသည်။

လေ့လာရေးအဖွဲ့သည် ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြက်မောက်တောင်ရေလှောင်တမံ၊ မိတ္ထီလာမြို့ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဗဟိုပို့ဆောင် ဆက်သွယ်ရေး ကျောင်း၊ ကျောက်ဆည်စက်ရုံများနယ်မြေရှိ ဘိလပ်မြေစက်ရုံ၊ စက်ဘီးစက်ရုံနှင့် စွပ်ကျယ်စက်ရုံတို့ကို ကြည့်ရှုလေ့လာကြပြီး ညနေပိုင်းတွင် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ လေးနှစ်သင်တန်း အမှတ်စဉ်(၄၂)မှ လေ့လာရေးသင်တန်းသား၊ သင်တန်းသူများ သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုဦးစီးဌာန ယွန်းပညာကောလိပ်၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းရင်းသားရိုးရာ အစားအစာနှင့် အသုံးအဆောင်ပစ္စည်းများ ရောင်းချပွဲကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၉

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် တိုင်းရင်းသားရိုးရာ အစားအစာနှင့် အသုံးအဆောင်ပစ္စည်းများရောင်းချပွဲတော်ကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)မှ ၁၄ ရက်အထိ ရန်ကုန်မြို့ အင်းလျားလမ်းရှိ စိမ်းလန်းစိုပြည်ဥယျာဉ်၌ ယခင်နှစ်များအတိုင်း ကျင်းပသွားမည် ဖြစ်သည်။ အဆိုပါရောင်းချပွဲတော်ကို နံနက် ၉ နာရီမှ ည ၉ နာရီအထိ ကျင်းပသွားမည် ဖြစ်သည်။

ယင်းပွဲတော်သို့ လာရောက်မည့် ဧည့်သည်များအနေဖြင့် တစ်နေရာတည်း၌ တိုင်းရင်းသားလူမျိုးစုံတို့၏ ရိုးရာဝတ်စုံများနှင့် အမှတ်တရ ပစ္စည်းများကို ဝယ်ယူနိုင်ပြီး စားကောင်းဖွယ် ရိုးရာအစားအစာများကိုလည်း စိတ်ကြိုက်ဝယ်ယူစားသုံးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃၀-၁-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊စိုးညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၂၀ ၇။ အတီးပြိုင်ပွဲ
- ၈း၃၀ ၈။ "သူငယ်ချင်းမရှိတဲ့ဥပဒေ"
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၁၂)**
- ၁၂း၂၅ ၅။ Golf Magazine (TV)
- ၁၂း၅၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း "လော်စပီကာ" (အရိုင်း၊ ထွန်းထွန်း၊ မေသဥ္ဇာဦး၊ ဖူးစုံ) (ဒါရိုက်တာ-ညီညီထွန်းလွင်)
- ၂း၃၀ ၇။ တေးဂီတအစီအစဉ်
- ၂း၄၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၂း၅၀ ၉။ International News
- ၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၄၅ ၁။ Myanmar National League MNL Grand Royal Cup 2011 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မကွေး FC နှင့် ဇွဲကပင်ယူနိုက်တက် FC)
- ၅း၄၅ ၂။ တေးဂီတအစီအစဉ်
- ၆း၀၀ ၃။ ညနေခင်းသတင်း
- ၆း၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၅။ **ကာတွန်းအစီအစဉ် "ကွမ်တမ်မင်း" (အပိုင်း-၇)**
- ၆း၄၀ ၆။ **တစ်မျက်နှာတစ်ကွက်စာ "ကုသိုလ်တစ်ခုနေ့စဉ်ပြုသလို" (ချစ်သူ၊ ရွှန်းပြည့်ခိုင်၊ ဒေါ်ထားနှင့်အဖွဲ့) [ဒါရိုက်တာ-တင်မောင်အေး (တစ်ပါးသီလ)]**
- ၇း၀၀ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စမ်းရေပမာ" (အပိုင်း-၁၈)**
- ၈း၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၉၅)**
- ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကွန်ဖူးချစ်သူ" (အပိုင်း-၂)**
- ၁၃။ "ရင်လှိုင်းခတ်သံ တေးသီဟန်"
- ၁၄။ အစီအစဉ်ပြီး၏။

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၉

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ ၂၊ အမှတ် ၁၉ ကို ဖေဖော်ဝါရီ ၁ ရက် (အင်္ဂါနေ့)တွင် စတင်ဖြန့်ချိမည်ဖြစ်သည်။ ယင်း TV Guide စာစောင်တွင် မြန်မာစာတန်းထိုးများဖြင့် ပြသနေသည့် Star Movies ရုပ်သံလိုင်း၌ နာမည်ကျော်သရုပ်ဆောင် စတားလုံး ပါဝင်သည့် F.I.S.T၊ Something Evil Comes, George of The Jungle, Wayne's World, Miami Blues, The Princess And The Frog, Despcrado, Peter Pan, Nine, Accused At 17 စသည့် ဇာတ်ကားကောင်းများ၊ ကလေးများအကြိုက် Cartoon Network ရုပ်သံလိုင်း၊ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျင်းပမည့် (၅၃) ကြိမ်မြောက် ဂရမ်မီဆုပေးပွဲအား Star World ရုပ်သံလိုင်းတွင် တိုက်ရိုက်ပြသမည့် အစီအစဉ်၊ Channel V ရုပ်သံလိုင်းတွင် 2010 Mnet Asian Music Awards ဆုပေးပွဲကျင်းပခဲ့ပုံများအား ကြည့်ရမည့်အစီအစဉ်နှင့် တေးသံရှင် KeSha ၏ဖျော်ဖြေမှု၊ TLC ရုပ်သံလိုင်းတွင် အပန်းဖြေသင်္ဘောလုပ်ငန်းများအကြောင်း ကြည့်ရမည့် Cruises We Love အစီအစဉ်နှင့် Perfect Proposal,A Dating Story အစီအစဉ်၊ Discovery ရုပ်သံလိုင်းတွင် ကြည့်ရမည့် Surviving the Cut,I (Almost) Got Away With It, Understanding: Oceans, Shanghai Bus Terminal, Enigmatic Malaysia စသည့် အစီအစဉ်ကောင်းများ၊ Animal Planet ရုပ်သံလိုင်းတွင် အမြီးဖြူပြင်လယ်လင်းယုန်ငှက်များအကြောင်း ကြည့်ရမည့် Sea Eagles: Bird With The Golden Eye အစီအစဉ်နှင့် အာဖရိက ကျားသစ်တစ်ကောင်အကြောင်းပြသမည့် The Leopard Son၊ အစီအစဉ်အားလုံးအား မြန်မာစာတန်းထိုးဖြင့်ပြသနေသည့် NGC ရုပ်သံလိုင်းတွင် ကြည့်ရှုရမည့် စိတ်ဝင်စားဖွယ်အစီအစဉ်ကောင်းများ၊ Nat Geo Wild ရုပ်သံလိုင်းတွင် ကြီးမားသည့် ငါးခူကြီးများအား ဖမ်းဆီးပြမည့် Caught Barehanded အစီအစဉ်နှင့် ခန္ဓာကိုယ်ပေါက်ကွဲသွားသည့် ဝေလငါးကြီးအကြောင်းကြည့်ရမည့် Predator CSI: Whale That Blew Up အစီအစဉ်၊ ESPN နှင့် Star Sports ရုပ်သံလိုင်းတွင် တိုက်ရိုက်ပြသမည့် ဘောလုံးပွဲ ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ Multi Max၊ 5 Movie၊ 5 Series၊ 5 Series II၊ 5 Cartoon ရုပ်သံလိုင်းများတွင်ပြသမည့် အစီအစဉ်များအကြောင်း၊ Mandalay FM တွင်နားဆင်ရမည့် 'ပဥ္စလက်မျက်မှန်' ရေဒီယိုဇာတ်လမ်းနှင့် ဘရိတ်ကီ၏ 'အပါးလေး' စီးရီးသစ်အကြောင်း၊ MRTV-4 ရုပ်သံလိုင်းတွင် ကလေးငယ်များ၏ စွမ်းရည်များအား ကြည့်ရမည့် 'ရွှေပြည်နန်း' Kis's Show အစီအစဉ်၊ MRTV-4 ၏ ဆက်စပ်ရုပ်သံလိုင်းများဖြစ်သည့် For Info,For Sports, For Edu, For Choice စသည့် Digital Channel များ၏ Grid များနှင့် ပြသနေသည့် အစီအစဉ်များ၊ ရုပ်သံလိုင်းအားလုံး၏ ၁၅ ရက်စာအစီအစဉ်များအပြင် မြဝတီ ရုပ်သံလိုင်း၏ ၁၅ ရက်စာအစီအစဉ်များ ပါဝင်သည်။

TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၁-၇၃၀၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express(09-5080850,391186) တို့သို့ မှာယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီသည့် AUX လေအေးပေးစက်များ ပြသရောင်းချစဉ်။ (သတင်းစဉ်)

သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီသည့် AUX လေအေးပေးစက်များဖြန့်ဖြူး

ရန်ကုန် ဇန်နဝါရီ ၂၉

ရာသီဥတု ပူအိုက်မှုဒဏ်ကြောင့် လုပ်ငန်းများအပေါ် စိတ်ဝင်စားမှုနည်းသည့် ခံစားရမှုများမှ ကင်းဝေး၍ သာယာရွှင်လန်း အေးချမ်းပေ့ါပါးသော ကိုယ်စိတ်တို့ဖြင့် လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် အနေအထားမျိုးကို AUX လေအေးပေးစက်များက အထောက်အကူပြုကြောင်း သိရသည်။

AUX လေအေးပေးစက်များသည် စွမ်းအင်ချွေတာသည့် Dual Rotor Compressor ပါဝင်သောကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီစေကြောင်း၊ အရည်အသွေးမြင့်ပစ္စည်းများ အသုံးပြုထားသော်လည်း ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်ကြကြောင်း၊ ထို့ပြင် Auto Restart System ပါရှိခြင်း၊ အအေးနှုန်းလျင်မြန်ခြင်း၊ အအေးဧရိယာ ပိုမိုကျယ်ပြန့်ခြင်း၊ Digital Display ပါရှိခြင်း၊ 4 Way System Air- Flow ပါရှိခြင်း၊ Japanese Branded Compressor and Circuit အသုံးပြုထားခြင်း၊ အရည်အသွေးမြင့်ပစ္စည်းများကိုသာ အသုံးပြုထားသည့်အတွက် Long Time Quality ဖြစ်ခြင်း စသည့်အချက်များကြောင့် သုံးစွဲသူများ၏ ကြိုက်နှစ်သက်ခြင်းကို အထူးရရှိလျက်ရှိသည်။

အရည်အသွေးမြင့်မားပြီး မြန်မာပြည်၌ ပထမဦးဆုံး လေးနှစ်အာမခံပေးထားသော AUX လေအေးပေးစက်များကို 5% Discount ပေးထားကြောင်း သိရသည်။

AUX အမှတ်တံဆိပ် လေအေးပေးစက်များအား လေ့လာခြင်း၊ ဝယ်ယူအားပေးခြင်းတို့ကို အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ကြီးများနှင့် တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်သည့် United Asia Co., Ltd. အမှတ် (၂၂၅) အနော်ရထာလမ်း (၁၁)လမ်းထိပ်နှင့် လှည်းတန်းလမ်းကြား လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၃၀၈၃၄၊ ၂၃၈၀၂၁ နှင့် ဖက်စ်- ၀၀၉၅-၁-၂၂၈၃၈၄ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ကျောက်တန်းမြို့ စည်ပင်လုပ်ငန်းများ ညွှန်ကြားရေးမှူး ကွင်းဆင်းစစ်ဆေး

ကျောက်တန်း ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင်နှင့် အဖွဲ့သည် ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ၊ မြို့မဈေး မီးဘေးလုံခြုံရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ၊ မြို့ရေပေးရေးအတွက် ရေမီတာတပ်ဆင်အသုံးပြုမှု အခြေအနေနှင့် မြို့တွင်းလမ်းများ ကောင်းမွန်စေရေးအတွက်စစ်ဆေးရာ **(ဝဲပုံ)** အမှုဆောင်အရာရှိ ဦးကြည်စောနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမြင့်ဝင်းတို့က လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြခဲ့ပြီး ညွှန်ကြားရေးမှူးသည် အမှုဆောင်အရာရှိ အပါအဝင် ဝန်ထမ်းများအား တွေ့ဆုံကာ ရုံးလုပ်ငန်းများ စနစ်တကျနှင့် မှန်ကန်မြန်ဆန်မှု ရှိစေရေး၊ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အခွန်အခများကို ပြည့်ပြည့်ဝဝ ကောက်ခံရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အထက(၄) သန်လျင် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

အထက(၄) သန်လျင်မြို့တွင် အနည်းဆုံးသုံးနှစ် ပညာသင်ကြားခဲ့သော သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများအား (၁၆)ကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ပူဇော်ကန်တော့ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများကို မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဝင်များ ဖြစ်ကြသော ဒေါ်တီဝင်း ဖုန်း-၀၁-၇၃၀၄၁၅၀၈၊ ကိုမြင့်ထွန်း ဖုန်း-၀၉-၅၄၀၇၅၂၃၊ ဆရာမဒေါ်စန်းစန်းဦး အထက(၂) သန်လျင်မြို့၊ မမာလာ ဖုန်း-၅၀၆၀၀၉၆၊ ကိုလှမော် ဖုန်း-၀၁-၇၃၁၂၅၄၄၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဝန်ကြီး ဦးမောင်ဦး တပ်ကုန်းမြို့နယ် ဆင်သေကျေးရွာ ပညာ့အားမာန် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနား တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၉

ပညာ့အားမာန်စာကြည့်တိုက်ဖွင့်ပွဲကို ယနေ့တွင် နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ကင်မွန်းတန်းကျေးရွာအုပ်စု ဆင်သေကျေးရွာ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး စာကြည့်တိုက်တည်ဆောက်မှုအတွက် ငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ တပ်ကုန်းမြို့နယ် ဥက္ကဋ္ဌ ဦးအေးလူနှင့် ရပ်မိရပ်ဖ ဦးခိုင်ငွေတို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး ပညာ့အားမာန် စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

ဇန်နဝါရီ ၁၄ ရက်က စက်ရေတွင်းအလှူရှင် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စက်ရေတွင်းနှင့် စက်ရေတွင်းဆိုင်ရာ မှတ်တမ်းကို တောင်သာမြို့နယ် အမှုဆောင်အရာရှိ ဦးလှဝင်းထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းဖော်ပြပြီး) (မြို့နယ်စည်ပင်)

ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲ၏ ဒုတိယပြိုင်ပွဲ ပွဲစဉ်များ စတင်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

International Tennis Federation (ITF) ၏ ခွင့်ပြုချက်အရ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲ၏ ဒုတိယပြိုင်ပွဲ (2nd Tournament)ကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ စတင်ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစား ဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ဒုတိယပြိုင်ပွဲ (2nd Tournament) ပထမနေ့ပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်း ၄၆ ပွဲကို နံနက်ပိုင်း၌ကျင်းပပြီး အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ ၁၀ ပွဲကို ညနေပိုင်းတွင် ဆက်လက်ကျင်းပပြီးစီးသွားသည်။

ITF 14 & Under Asian Championships 2011 Group(2) တင်းနစ်ပြိုင်ပွဲ၏ ဒုတိယပြိုင်ပွဲ (2nd Tournament) ဒုတိယနေ့ပြိုင်ပွဲများကို ဇန်နဝါရီ ၃၀ ရက် နံနက် ၈ နာရီခွဲတွင် ယင်းတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကယားပြည်နယ် လွိုင်ကော်မြို့နယ်၌ မိုးစပါး ၂၇၇၄၂ ဧက စိုက်ပျိုးရာတွင် အထွက်နှုန်းမြင့်မားရေးကို အထောက်အကူဖြစ်စေရန် မျိုးသန့်စံပြ ၁၀၀ဧက စိုက်ပျိုးခဲ့ရာ မျိုးသန့်စံပြ စိုက်ဧကများ အထွက်နှုန်းမှန်ကန်ရေး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒုတိယပြည်နယ်မန်နေဂျာ ဦးခင်မောင်လေး ဦးဆောင်သော မိုးစပါးစံကွက် ရိတ်သိမ်းရေးအဖွဲ့က လွိုင်ကော်မြို့နယ် နွားလဝိုးကျေးရွာအုပ်စု ကွင်းအမှတ်(၁၂၄) ဦးပိုင်အမှတ် (၂၂) ဧရိယာ ဧက ၂ ဒသမ ၇၀ ရှိသော တောင်သူ ဦးနီ၏ လယ်မြေ၌ ဆောင်ရွက်ကြစဉ်။ (ကြေးမုံ)

Singapore- Cambridge GCE 'O' နှင့် GCE 'A'
ပြင်ဆင်ခြင်းအကြောင်း ဟောပြောမည်

ရန်ကုန် ဇန်နဝါရီ ၂၉

အစိုးရကျောင်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်သော Singapore-Cambridge GCE 'O' နှင့် GCE 'A' ပြင်ဆင်ခြင်းအကြောင်းကို Shelton College International မှ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၁ ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့ Summit Parkview Hotel ၌ ကျင်းပမည့် Education Roadshow 2011 တွင် ရှင်းလင်းပြောကြားမည်ဖြစ်ကြောင်း သိရသည်။

Shelton College International သည် GCE 'O' နှင့် GCE 'A' Level စာမေးပွဲများ ကျင်းပခွင့်ရှိသော Approved Exam Center ဖြစ်ကာ မြန်မာနိုင်ငံမှ Primary 2/3 အဆင့်ရှိပြီး စင်ကာပူအစိုးရကျောင်း ဝင်ခွင့်လျှောက်ထားလိုသော (သို့မဟုတ်) နိုင်ငံတကာကျောင်းများသို့ ကျောင်းလျှောက်ထားလိုသော ကျောင်းသား၊ ကျောင်းသူများအတွက် အသင့်တော်ဆုံး လမ်းကြောင်းကို ရှင်းလင်းပြောကြားသွားမည် ဖြစ်သည်ဟု သိရသည်။

စင်ကာပူအစိုးရတက္ကသိုလ်များဖြစ်သည့် National University of Singapore, Nanyang Technology University, Singapore Management University နှင့် အခြားနိုင်ငံများမှ တက္ကသိုလ်များသို့ တိုက်ရိုက်တက်ရောက်လိုသော ကျောင်းသား၊ ကျောင်းသူများအတွက် GCE 'A' ပြင်ဆင်ခြင်းအကြောင်းကို ရှင်းလင်းပြောကြားမည်ဖြစ်သည်။

ရှင်းလင်းပြောကြားသည့်နေ့တွင် လာရောက်မည့် ကျောင်းသား၊ ကျောင်းသူများအတွက် စင်ကာပူ ပိုလီ လမ်းညွှန်စာအုပ်များ အခမဲ့ရရှိနိုင်ပြီး အခြား စင်ကာပူအစိုးရကျောင်း လျှောက်ထားခြင်းနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကိုလည်း ရရှိနိုင်မည်ဖြစ်ကြောင်း၊ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက အဆိုပါ Education Roadshow 2011 တွင် လာရောက်မေးမြန်းနိုင်ပြီး CROWN Education ဖုန်း- ၂၁၁၈၈၈၊ လိုင်းခွဲ -၂၂၈ နှင့် ၀၉-၅၀၈၅၁၈၅ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ပန်းနှမ်းနှင့် ပျားအုံ ဝတ်မှုန်ကူး အထွက်တိုးဆောင်ရွက်

မကွေး ဇန်နဝါရီ ၂၉

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားလုပ်ငန်းဌာန မကွေးတိုင်းဒေသကြီး ပျားမွေးမြူရေး ပြည်သူတိုးချဲ့ ပညာပေး အမှတ်စဉ်(၁၁) ဖွင့်ပွဲကို ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် မကွေးမြို့နယ် ကျွန်းမြတ် အခြေခံပညာမူလတန်းလွန်ကျောင်း၌ကျင်းပရာ သင်တန်းသား ၈၀ ခန့်၊ ပုဂ္ဂလိက ပျားလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ပျားလုပ်ငန်းဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မြဦးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းမှူးများဖြစ်ကြသည့် စလင်းမြို့နယ် ပျားလုပ်ငန်းဌာနမှူး ဦးစိုးငွေနှင့် အောင်လံမြို့နယ် ပျားလုပ်ငန်းဌာနမှူး ဦးမျိုးချစ်တို့က ပျားရည်နှင့် ပျားထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ သီးနှံအထွက်တိုးရေး ဝတ်မှုန်ကူးဝန်ဆောင်မှုလုပ်ငန်းများအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားကြသည်။ **(အောက်ပုံ)**

ယခုအခါ ကျွန်းမြတ် ကျွန်းပေါ်တွင် ပန်းနှမ်းဧကများစွာ စိုက်ပျိုးထားရှိပြီး ပန်းနှမ်းများပွင့်လျက်ရှိရာ ပျားလုပ်ငန်းဌာနက ပျားအုံ ၂၀၀၊ ပုဂ္ဂလိက လုပ်ငန်းရှင်များက ပျားအုံ ၃၀၀ ကို ပန်းနှမ်းခင်းများအနီး ချထားလျက် သီးနှံအထွက်တိုးရေး ဝတ်မှုန်ကူးဝန်ဆောင်မှုလုပ်ငန်း၊ ပျားရည်နှင့် ပျားထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အလားတူသင်တန်းများကို မင်းဘူးမြို့နယ် ကုန်းသာကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ပျားလုပ်ငန်းဦးစီးဌာနမှူး ဦးကြည်သိန်းက သင်ကြားပို့ချလျက်ရှိရာ သင်တန်းသား ၄၀ ကျော်တက်ရောက်ပြီး သင်တန်းကာလမှာ ငါးရက်ဖြစ်ကြောင်း သိရသည်။ (၃၃၃)

ကုန်သည်/စက်မှုအသင်းချုပ် ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသော လစဉ်ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကို ဖေဖော်ဝါရီ ၅ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower (ပထမထပ်) ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဦးအေးကျော် (MHR)က မိသားစုစီးပွားရေးမှ နိုင်ငံတကာဖွဲ့စည်းမှုပုံစံသို့ (From Family Business To International Corporate Structure) ခေါင်းစဉ်ဖြင့် ဟောပြောမည် ဖြစ်သည်။

စိတ်ပါဝင်စားသူတက်ရောက်နိုင်

အဆိုပါ ဟောပြောပွဲသို့ ကုန်သည်/စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း သမိုင်းပြုစုမည်

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း(ဗဟို)၏ ကြီးကြပ်မှုဖြင့် MDA သမိုင်းပြုစုရေးကော်မတီကိုဖွဲ့စည်း၍ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း၏ သမိုင်းပြုစုထုတ်ဖော်ရေးအတွက် ဆရာကြီး၊ ဆရာမကြီးများနှင့် လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းလျက် သမိုင်းပြုစုနေရာ လိုအပ်သောသတင်းအချက်အလက်များ၊ သမိုင်းမှတ်တမ်းဝင်ဓာတ်ပုံများ၊ အထောက်အထားများရရှိရန် လိုအပ်လျက်ရှိသောကြောင့် အဆိုပါ သမိုင်းအထောက်အထားများ လက်ဝယ်ရှိသူ မည်သူမဆို သမိုင်းပြုစုရေးကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာပွင့်ဖူး ဖုန်း- ၀၉-၈၀၂၁၁၆၃ သို့လည်းကောင်း၊ အတွင်းရေးမှူး ဒေါက်တာအောင်သိန်းထွန်း ဖုန်း- ၀၉-၅၁၄၂၁၂၅ သို့လည်းကောင်း၊ အဖွဲ့ဝင် ဒေါက်တာမောင်မောင်(မိုလာ) ဖုန်း- ၀၉-၅၀၀၅၅၂၄ နှင့် ဒေါက်တာခင်ဇော် (နှင်းဆီဆေးခန်း) ဖုန်း- ၀၉-၅၀၁၃၉၉၇ သို့လည်းကောင်း ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဒီဇင်ဘာ ၂၆ ရက်က ကန့်ဘလူမြို့ တပင်ရွှေထီးလမ်း တိုးချဲ့ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသစ်ထူးမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မေမျိုးနိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အငယ်တန်းအင်ဂျင်နီယာ(၂) ကျွမ်းကျင်မှုအခြေခံ သင်တန်းအမှတ်စဉ် (၂/၂၀၁၁) သင်တန်းဆင်း ဝန်ကြီး ဦးခင်မောင်မြင့် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၂၉

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဇန်နဝါရီ ၂၈ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးသင်တန်းခန်းမ၌ကျင်းပသော အငယ်တန်းအင်ဂျင်နီယာ(၂) ကျွမ်းကျင်မှု အခြေခံသင်တန်းအမှတ်စဉ် (၂/၂၀၁၁)သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

အောင်လက်မှတ်ချီးမြှင့်

သင်တန်းဆင်းပွဲတွင် ဝန်ကြီး ဦးခင်မောင်မြင့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်သန်းဦးက သင်တန်းသားခေါင်းဆောင်ထံသို့ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဝန်ကြီးက သင်တန်းတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းကို ဇန်နဝါရီ ၁၇ ရက်မှ ၂၈ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာဖွင့်လှစ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၆၄ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံဘဏ်များအသင်း အထွေထွေအတွင်းရေးမှူးအား HUAWEI Technologies Co., Ltd. မှ တာဝန်ရှိသူများ လာရောက်တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံ ဘဏ်များအသင်း အထွေထွေအတွင်းရေးမှူး CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် မြန်မာနိုင်ငံဘဏ်များအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ကမ္ဘောဇဘဏ် အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်ဝင်းနိုင်တို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ HUAWEI Technologies Co., Ltd. မှ Director Mr. Cao Yajun ခေါင်းဆောင်သောအဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံခန်းမ၌ လာရောက်တွေ့ဆုံပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် ဘဏ်လုပ်ငန်းများ၌ ICT နည်းပညာများ အသုံးပြုနေသည့် အခြေအနေနှင့် အတွေ့အကြုံများကို လည်းကောင်း၊ မြန်မာနိုင်ငံဘဏ်လုပ်ငန်းများ၌လည်း ICT နည်းပညာများ တိုးချဲ့အသုံးပြုရန် အလားအလာများကို လည်းကောင်း၊ နည်းပညာ အကူအညီပေးရန်ကိစ္စများကို လည်းကောင်း ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ HUAWEI Technologies Co., Ltd. သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများ၌ ဘဏ်လုပ်ငန်းတွင် ICT သုံးစွဲမှုကို နည်းပညာ အကူအညီပေးနေသော ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဘဏ်များအသင်း အထွေထွေအတွင်းရေးမှူး CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် မြန်မာနိုင်ငံဘဏ်များအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ကမ္ဘောဇဘဏ်အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်ဝင်းနိုင်တို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ HUAWEI Technologies Co., Ltd.မှ Director Mr. Cao Yajun နှင့် အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

☆ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

☆ နှစ်ပေါင်းထောင်ချီ၍ ဥမကွဲ သိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

ဇန်နဝါရီ ၂၇ ရက်က လူကုန်ကူးခြင်းခံရသော မြန်မာနိုင်ငံသားများအား ပြန်လည်ပို့ဆောင်ရေး၊ မိဘရပ်ထံပြန်လည်အပ်နှံရေး၊ မိသားစုပေါင်းစည်းရေးဆိုင်ရာ နဝမအကြိမ် မြန်မာ-ထိုင်း ညှိနှိုင်းအစည်းအဝေးကို မန္တလေးမြို့ Sedona Hotel ၌ ကျင်းပစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၁-၂၀၁၁ (တနင်္ဂနွေနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ “ဖြစ်ပျက်မြင်မှဖြစ်ပျက်မုန်းမည်” တရားတော် (ဆရာတော်ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လောကဝက်ပါ”(အပိုင်း-၁၄၉)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အရိပ်စစ်”(အပိုင်း-၁၁၆)**
- ၈း၅၀ Activities In The City [ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲ (လေးမျက်နှာမြို့နယ်အသင်း)]
- ၉း၀၅ MRTV-4 အစီအစဉ်တင်ဆက်သူ ရွေးချယ်ပွဲ(အပိုင်း-၂)
- ၉း၅၅ Sunday Talk [မျိုးမြတ်သူ၊ မာဂျေ(အောင်နိုင်)]
- ၁၀း၂၅ အထူးကုများအစီအစဉ် (ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ ရောဂါများ)
- ၁၀း၄၅ ဗီဒီယိုပြခန်း
- ၁၁း၀၅ ဈေးဝယ်လမ်းညွှန် (ကောခိုင်ထွန်းပိုးထည်)
- ၁၁း၄၀ ရန်ကုန်မြင်ကွင်းကျယ် (မိဘဂုဏ်ရည်ချောင်းကူးတံတား ဖွင့်ပွဲအခမ်းအနား)
- ၁၁း၅၅ ဖန်ခါးမြေမှရတနာ
- ၁၂း၀၅ စိတ်ကူးအိပ်မက်အနာဂတ်အတွက် "YIUS"
- ၁၂း၂၀ လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ကျန်းမာရေး(အပိုင်း-၂) ပါမောက္ခဒေါက်တာ ချယ်ရီသန်းသန်းတင်၊တင်မိုးလွင်၊ ဝတ်မှုံရွှေရည်၊စိုးပြည့်သဇင်၊ဂျင်းနီ
- ၁၂း၄၅ ဘွဲ့အမည်နာမတော်သုံးမျိုးနဲ့ ထင်ပေါ် ဘုရင့်ညီနောင်ရတနာ လိုဏ်ဂူတော်
- ၁း၀၀ “ဖြစ်ပျက်မြင်မှဖြစ်ပျက်မုန်းမည်” တရားတော် (ဆရာတော်ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း (ငွေနောက်လိုက်တာကောင်းတယ်၊ ငွေနောက်မလိုက်တာကောင်းတယ်)
- ၃း၁၅ MRTV-4 အစီအစဉ်တင်ဆက်သူ ရွေးချယ်ပွဲ(အပိုင်း-၃)
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အရိပ်စစ်”(အပိုင်း-၁၁၆)**
- ၄း၅၅ ကျန်းမာလှပသွယ်လျဖို့ SMART GIRL ကိုသွားကြစို့
- ၅း၀၀ FMF Selection
- ၅း၃၅ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ သွားမယ်စားမယ် (Sen Viet)
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လောကဝက်ပါ” (ဇာတ်သိမ်းပိုင်း)**
- ၇း၂၀ လပြည့်ဝန်းသို့တမ်းချင်းည Live Show(Part-1)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၂၉)
- ၈း၄၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၉း၂၀ ရန်ကုန်မြင်ကွင်းကျယ် (ဗုဒ္ဓသာသနာရက္ခိတစုပေါင်း အလှူရှင်များ၏ကုသိုလ်ပြုပွဲ)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အရိပ်စစ်”(အပိုင်း-၁၁၇)**
- ၁၀း၁၅ ပန်းချီပြခန်း(The Art Gate)
- ၁၀း၃၀ FA Cup Fulham & Tottenham
- ၁၂း၃၀ ရွှေဖြစ်မည့်ရတနာအစစ်. . . .
- ၁၂း၄၀ ဇီဝိတဒါနသွေးလှူဖို့ သွေးအားပြည့်အောင်နေကြစို့ (ငှက်ပျော်ကြော်၊ချစ်သုဝေ၊မိုးယုစံ၊ မီးမီးသုခ) (ဒါရိုက်တာ-ကိုရွှေမိုးသက်)
- ၁၂း၄၅ ဟိုတယ်လမ်းညွှန် (NATURE LAND HOTEL)
- ၁း၂၅ မြန်မာစာ၊ မြန်မာစကား
- ၁း၄၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ပျော်ရွှင်ဆင်နွှဲဒေါင့်ချင်းဖမ်းပွဲ)
- ၂း၀၀ ရွှေအလင်းအိမ်မှသည် ကားပိုင်ရှင်များဆီသို့
- ၂း၁၅ ငြိမ့်ညောင်းသာယာစောင်းပညာ
- ၂း၄၅ မြင့်မြတ်စိတ်ထား AIKI-KENအားကစား
- ၃း၁၅ မြန်မာ့လက်ရာ (မြန်မာ့အနုပညာလက်မှုပစ္စည်း အရောင်းပြခန်း)
- ၃း၃၀ မောတို့မြေမှအံ့ဖွယ်ထူးခြား လိုဏ်ဂူများ
- ၄း၂၀ ဖူးမြော်ကြည်ညိုဖွယ်ရာ စစ်ကိုင်းမြို့မှတန်ခိုးကြီးစေတီများ
- ၄း၃၅ စိန်ကူးတို့နှင့်မြမြင့်မိုရ်
- ၄း၅၅ ဖူးစို့ဘုရားစုံမြို့ဖျာပုံ
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA CUP ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၆း၂၅	Arsenal	-	Huddersfield Town	ESPN (Live)
၈း၃၀	Notts County	-	Man City	ESPN (Live)
၁၀း၃၀	Fulham	-	Tottenham	ESPN (Live)

* ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

စက်ဘီးအမျိုးမျိုးနှင့် စက်ဘီးအပိုပစ္စည်းများ ဝယ်ယူနိုင်

နေပြည်တော် ဇန်နဝါရီ ၂၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်ဘီးစက်ရုံ (ကျောက်ဆည်)မှ ထုတ်လုပ်သည့် ၂၈ လက်မ ကျားစီးစက်ဘီး၊ ၂၈ လက်မ မစီးစက်ဘီး၊ ၂၆ လက်မ မစီးစက်ဘီး၊ ၂၆ လက်မ မစီးကြိုးဘရိတ်စက်ဘီး၊ ၂၄ လက်မ မစီးစက်ဘီး၊ ၂၄ လက်မ လျှပ်စစ်စက်ဘီးနှင့် ပုံစံသစ်စက်ဘီးအမျိုးမျိုး၊ ပုံစံသစ်လျှပ်စစ်စက်ဘီးအမျိုးမျိုးတို့အပြင် စက်ဘီးအပိုပစ္စည်းအမျိုးမျိုးကို အမြို့မြို့အနယ်နယ်ရှိ ဝင်းသူဇာအရောင်းဆိုင်များနှင့်စက်ဘီးအရောင်းဆိုင်များ၌ မည်သူမဆို လက်လီလက်ကား လွတ်လပ်စွာဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက စက်ဘီးစက်ရုံ (ကျောက်ဆည်) ဖုန်း-၀၆၆-၅၀၅၃၆ နှင့် ၀၆၆-၅၀၆၀၉တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကံမမြို့နယ် ရေနံ့သာစာကြည့်တိုက် ပန္နက်တင်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၉

ရေနံ့သာစာကြည့်တိုက် အဆောက်အအုံသစ် ပန္နက်တင်ပွဲကို ဇန်နဝါရီ ၂၉ ရက်တွင် သရက်ခရိုင် ကံမမြို့နယ် ရေနံ့သာကျေးရွာ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းဆင့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးတင်မောင်ထွေးတို့က ပန္နက်တင်ပေးကြသည်။

အဆိုပါ စာကြည့်တိုက်အဆောက် အအုံသစ်ကို နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်းနှင့် ပြည်သူလူထု လှူဒါန်းငွေ ကျပ်သိန်း ၂၀ စုစုပေါင်း ငွေကျပ် သိန်း ၃၀ ခန့် အကုန်အကျခံတည်ဆောက် မည်ဖြစ်သည်။ အဆောက်အအုံမှာ အလျား ၂၇ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ၁၂ ပေရှိပြီး သွပ်မိုး၊ အုတ်ညှပ် ကွန်ကရစ်ခင်း အဆောက်အအုံဖြစ် ကြောင်း သိရသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးကျော်မြင့် ပရဟိတလုပ်ငန်းများအတွက် အလှူငွေပေးအပ်ပွဲနှင့် တက္ကသိုလ်ပညာသင်ဆု ငွေပဒေသာပင်စိုက်ထူပွဲအခမ်းအနား တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၂၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့်သည် ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြွန်တန်ဆာမြို့နယ်၌ ကျင်းပသော ပြွန်တန်ဆာဒေသ၏ ပရဟိတလုပ်ငန်းများအတွက် အလှူငွေပေးအပ်ပွဲနှင့် တက္ကသိုလ်ပညာသင်ဆု ငွေပဒေသာပင်စိုက်ထူပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်မြို့ ကမ္ဘာအေးဗွီလာ အိမ်ရာနေ ဦးသူရစိုး-ဒေါ်ချိုချိုဝင်း မိသားစုက ရွှေဇာမြေ လူမှုကူညီရေးအသင်းအတွက် ပေးအပ်လှူဒါန်းသော အလှူငွေကျပ် ၁၆၂ သိန်းကို လက်ခံသည်။

ဆက်လက်၍ တက္ကသိုလ်ပညာသင်ဆု ထောက်ပံ့ရေးအတွက် ရန်ကုန်မြို့ ကမ္ဘာအေးဗွီလာအိမ်ရာနေ ဦးသူရစိုး-ဒေါ်ချိုချိုဝင်း မိသားစုက ငွေကျပ် သိန်း ၅၀၊ ရန်ကုန်မြို့ Magic Land Co., Ltd. မှ ဒေါက်တာကျော်ဝင်း ကိုယ်စား ဦးသူရစိုးက ငွေကျပ် သိန်း ၂၀ နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့်နှင့် မိသားစုက ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တက္ကသိုလ်ပညာသင်ဆု ထောက်ပံ့ရေးအသင်းဥက္ကဋ္ဌ ဦးအောင်သန်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းစိုးနှင့် ပြွန်တန်ဆာအသင်း(ရန်ကုန်) နာယကကြီး ဦးတင်ဦးတို့က လက်ခံကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးကျော်မြင့်က ပြွန်တန်ဆာအသင်းကိုယ်စား ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

ယင်းနောက် အလှူရှင် ဦးသူရစိုးက ပြွန်တန်ဆာဒေသ၏ ပရဟိတလုပ်ငန်းနှင့် တက္ကသိုလ်ပညာသင်ဆု ငွေပဒေသာပင်စိုက်ထူလှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ရွှေဇာမြေလူမှုကူညီရေးအသင်းနှင့် တက္ကသိုလ်ပညာသင်ဆု ထောက်ပံ့ရေးကော်မတီတို့မှ တာဝန်ရှိသူများက ကျေးဇူးတင်စကားများ ပြောကြားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့်ထံ ရွှေဇာမြေလူမှုကူညီရေးအသင်းအတွက် အလှူငွေကျပ် ၁၆၂ သိန်းကို ရန်ကုန်မြို့ ကမ္ဘာအေးဗွီလာအိမ်ရာနေ ဦးသူရစိုး-ဒေါ်ချိုချိုဝင်း မိသားစုက ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲနှင့် အမျိုးသမီးငယ်ရွယ်လုပ်ငန်းအဖွဲ့ခွဲတို့ အမျိုးသမီးကလေးများ သင်တန်းကျောင်း၌ ငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ငယ် ဦးဆောင်မှုဖြင့် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထား ရေးလုပ်ငန်းအဖွဲ့ခွဲနှင့် အမျိုးသမီး ငယ်ရွယ်လုပ်ငန်းအဖွဲ့ခွဲတို့ ပူးပေါင်း၍ ငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် ညနေ ၄ နာရီတွင် လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကလေးများ သင်တန်းကျောင်း၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ အခမ်းအနားသို့ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့ငယ် ခေါင်းဆောင် ဒေါ်ခင်မေစိုး၊ ဒုတိယခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်၊ အမျိုးသမီးငယ်ရွယ် လုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ဒေါ်ပိုပိုကြည်၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့ခွဲ၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲတို့မှ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမျိုးသမီးကလေးများ သင်တန်းကျောင်းမှ အမျိုးသမီးငယ် ၂၈၀၊ ဝန်ထမ်းများနှင့် ဧည့်သည်တော်များအား ထောပတ်ထမင်းဖြင့် တစ်နေ့တာ ကျွေးမွေးလှူဒါန်းကြပြီး ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်ဖြူသန့်ပိုင်က ငွေကျပ် ၇၅၀၀၀၀ တန်ဖိုးရှိ အဝတ်အထည်များ၊ အမျိုးသမီးငယ်ရွယ်လုပ်ငန်းအဖွဲ့ အဖွဲ့ဝင် ဒေါ်ဆုထက်လှိုင်(ခ) ရတနာဇော်မင်း (အုပ်ချုပ်မှု ဒါရိုက်တာ Unique Asia Travel of Tour Co.,Ltd.)က Fax Phone တပ်ဆင်ရန်နှင့် အဝတ်အထည်များ စုစုပေါင်း တန်ဖိုးငွေကျပ် ၅၀၀၀၀၀နှင့် အမျိုးသမီးငယ်ရွယ်လုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်လဲ့လဲ့အေး (မန္တလာမင်းအဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး)က ငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ အဝတ်အထည်များကို ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီရွှေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စီးပွားရေးဆိုင်ရာဘာသာရပ် ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

ဈေးကွက်စီးပွားရေးဆိုင်ရာဘာသာရပ် ဟောပြောပွဲကို ဇန်နဝါရီ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲမှ မွန်းလွဲ ၂ နာရီအထိ အမှတ်(၃၈၈/၃၉၈) လေးလွှာ ရိုးမဘဏ်(အလုံဘဏ်ခွဲ) အဆောက်အအုံ၌ ကျင်းပမည်ဖြစ်ပြီး ပထမပိုင်းတွင် Brand Management ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယပိုင်းတွင် Successful Retailing ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောမည်ဖြစ်ရာ တက်ရောက်လိုသူများသည် Green World Academy of Marketing ဖုန်း-၂၂၇၀၃၂၊ ၇၃၁၁၄၅၀၈ တို့သို့ ဆက်သွယ်စုံစမ်း တက်ရောက်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

လမ်းမတော်(စိန့်ဂွန်း) အထက(၁) ၁၉၆၈-၈၄ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက်က ကျင်းပရာ ကျောင်းသားဟောင်းများက အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများအား ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်၍ စုပေါင်းပူဇော်ကန်တော့ကြစဉ်။ (ကြေးမုံ)

နယူးမော်ဒယ်လ်ဇာတ်ကား ဆက်လက်ပြသ

ရန်ကုန် ဇန်နဝါရီ ၂၉

ဇန်နဝါရီ ၂၈ ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ မြန်မာရုပ်ရှင်ဇာတ်ကားသစ်ရုံတင်ခြင်း မရှိဘဲ ပြသဆဲမြန်မာရုပ်ရှင်ဇာတ်ကားသစ် **နယူးမော်ဒယ်လ်**ဇာတ်ကားသာ သမ္မတ၊ သွင်ရုံနှင့် နဝဒေးရုံတို့တွင် ဆက်လက်ပြသလျက်ရှိသည်။

နယူးမော်ဒယ်လ်ဇာတ်ကားသစ်မှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

ထူးခြား

၎င်းဇာတ်ကားကို ဒါရိုက်တာညွှန့်မြန်မာညီညီအောင်က ရိုက်ကူးထားခြင်းဖြစ်ပြီး ရန်အောင်၊ အောင်ဖေ၊ ဇော်ဝမ်းတို့နှင့်အတူ အသစ်စက်စက် အကယ်ဒမီဆုရှင် နေတိုး၊ စိုးမြတ်သူဇာ၊ မေသန်းနု၊ သင်ဇာဝင့်ကျော်နှင့် သဇင်တို့ ခေါင်းဆောင်ပါဝင်ထားကြကာ စိုးမြတ်သူဇာ၏ ထူးခြားသည့် ဇာတ်ကောင်စရိုက်သရုပ်ဆောင်မှုများကို ရှုစားကြရမည် ဖြစ်သည်။ ပြေတီဦးနှင့် မိုးဟေကိုတို့ ပါဝင်ထားသည့် **ရင်ဘတ်ကြီးနဲ့ချစ်လိုက်မယ်** ဇာတ်ကားမှာ ဆုထူးပန်၊ ရွှေဗဟို၊ ဘုရင့်နောင်နှင့် ဧရာဝတီရုံများတွင် ပြသမည်ဖြစ်ပြီး **ကျောက်စက်ရေ**ဇာတ်ကားမှာ အင်းစိန်မဟာမြိုင်ရုံ၌ ပြသမည်ဖြစ်သည်။

ဖေဖော်ဝါရီလဆန်းပိုင်းတွင် ဒါရိုက်တာညီညီထွန်းလွင် ရိုက်ကူးသည့် **ဟော့ရှော့-၃** ဟာသဇာတ်မြူးကားသစ် တင်ဆက် ပြသတော့မည်ဖြစ်သည်။

ရွှေ့ဆောင်ရုံတွင် ၂၀၀၉ ခုနှစ် အကယ်ဒမီဆုရ ဇာတ်ကားများ ဂုဏ်ပြုတင်ဆက်မှုအစီအစဉ်အရ ဇန်နဝါရီ ၂၈၊ ၂၉ တွင် **ဇော်က ကနေသည်**၊ ၃၀ ရက်တွင် **မိုးညအိပ်မက်မြူ** ဇန်နဝါရီ ၃၁ ရက်နှင့် ဖေဖော်ဝါရီ ၁ ရက်တို့တွင် ကျောက်စက်ရေနှင့် ဖေဖော်ဝါရီ ၂ ရက်နှင့် ၃ ရက်တို့တွင် **အတိတ်ရဲ့အရိပ်** ဇာတ်ကားများ ပြသမည်ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

မင်္ဂလာရုံတွင် စွန့်စားမှုအသားပေးဇာတ်ကားဖြစ်သည့် SKYLINE ဇာတ်ကား ပြသမည်ဖြစ်ပြီး နေပြည်တော်ရုံတွင် လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များကို အသားပေးရိုက်ကူးထားသော NARNIA ဇာတ်ကား ပြသမည်ဖြစ်သည်။

သရက်မြို့နယ်၌ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

နေပြည်တော် ဇန်နဝါရီ ၂၉

သရက်ခရိုင် သရက်မြို့နယ် ရွာမကျေးရွာအုပ်စု မန်ကျည်းပင်ကျေးရွာ လပြည့်ဝန်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းလွင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေနှင့် စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးချစ်ရွှေတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးသန်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး ရှင်းလင်းဆွေးနွေးကာ စာအုပ်စာစောင် ၁၀၀၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးအေးဝေက စာအုပ် ၅၀ နှင့် ကျေးရွာပြည်သူများ စုပေါင်း၍ သုတစာအုပ်မျိုးစုံ ၁၅၀ ကျော်တို့ကို လှူဒါန်းကြရာ စာကြည့်တိုက်မှူးက လက်ခံသည်။

အဆိုပါစာကြည့်တိုက်မှာ အလျား ၂၇ ပေ၊ အနံ ၁၇ ပေ၊ အမြင့် ၁၀ ပေ အုတ်ကာသွပ်မိုး၊ သမံတလင်းခင်း အဆောက်အအုံဖြစ်ပြီး ကျေးရွာပြည်သူများ၏ စုပေါင်းလှူဒါန်းငွေကျပ် ၂၆၀၀၀၀၀ဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၁-၂၀၁၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၀) ဖားကန့်မြို့နယ်၌ ပိုးသတ်ဆေးခတ်ထားသော ရေနှင့် ဟင်းသီးဟင်းရွက်များ စားသောက်မိ၍ ကျွဲအချို့သေဆုံးခဲ့ သတင်း၏ ပထမစာကြောင်းတွင် "ချင်းပြည်နယ်" အစား "ကချင်ပြည်နယ်" ဟု ပြင်ဆင်ဖတ်ရှုပါရန်။ (စာတည်း)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနေ ကျေးဇူးရှင်မိခင် ဒေါ်နန်းစံတစ်အား အမှူးထား၍ ဦးတန်စွမ်၊ ဒေါ်နန်းအေးအေးဝင်း၊ သား စိုင်းမိုးဟိန်းမိသားစုက ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင် တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

စိန်ရွှေရတနာဆိုင်

ရွှေဆိုင်မှာရွေးရသည့် ဒင်္ဂါးသည့် ရွှေထည်ပစ္စည်းများ
ရွှေထည်+စိန်ထည်များကို ပန်းထိမ်ကြေးဖြင့် ...

Congratulation NYC

ထပ်ဆင့်အကယ်ဒမီ **ကိုလူမင်းနှင့် ဒေါ်စိုးပိုင်ဦး** တို့မှ

Quality Branded ကြိုက်နှစ်သက်သူများအတွက် အထူး ရည်ရွယ်၍ ဖွင့်လှစ်လိုက်သော **NYC (new york collections) fashion** ဆိုင်သစ်ကို အမှတ်(၁၀)၊ ရွှေတောင်ကြားလမ်း၊ ဗဟန်း မြို့နယ်တွင် (၂၉-၁-၂၀၁၁)နေ့မှစ၍ အောင်မြင်စွာ ဖွင့်လှစ်နိုင် ပါသဖြင့် အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

NYC နှစ်ပေါင်းများစွာတိုင် ဆတက်တိုး၍အောင်မြင်ပါစေ..

"အောင်သိဒ္ဓိ" ရုပ်ရှင်နှင့်ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး

Congratulation NYC

ထပ်ဆင့်အကယ်ဒမီ **ကိုလူမင်းနှင့် ဒေါ်စိုးပိုင်ဦး** တို့မှ

Quality Branded ကြိုက်နှစ်သက်သူများအတွက် အထူး ရည်ရွယ်၍ ဖွင့်လှစ်လိုက်သော **NYC (new york collections) fashion** ဆိုင်သစ်ကို အမှတ်(၁၀)၊ ရွှေတောင်ကြားလမ်း၊ ဗဟန်း မြို့နယ်တွင် (၂၉-၁-၂၀၁၁)နေ့မှစ၍ အောင်မြင်စွာ ဖွင့်လှစ်နိုင် ပါသဖြင့် အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

NYC နှစ်ပေါင်းများစွာတိုင် ဆတက်တိုး၍အောင်မြင်ပါစေ..

ကျော်နိုင်ဦး(အမှုဆောင်ဒါရိုက်တာ)

SisterLandCo.,Ltd

LMA လွင်မြင့်အောင် မြင်းစွာရွက်ဆေးရည်

ISO 9001:2008 နှင့် GMP လက်မှတ်ရ Lwin Myint Aung Industrial Co.,Ltd.

နိုင်ငံတကာအားကစားသတင်းများ

ဘင်ဖီကာခံစစ်မှူး ဒေးဗစ်လူးအစ်စ်အား ချယ်လ်ဆီးမှ ဝယ်ယူမည့်အစီအစဉ် ပျက်ပြယ်

ပေါ်တူဂီ ဇန်နဝါရီ ၂၉

ခံစစ်မှူး ဒေးဗစ်လူးအစ်စ်အား ချယ်လ်ဆီးအသင်းမှ ဝယ်ယူမည့် စေ့စပ်ညှိနှိုင်းမှုမှာ ပျက်ပြယ်သွားကြောင်း ပေါ်တူဂီလိဂ်အသင်း ဘင်ဖီကာက အတည်ပြုပြောကြားသည်။

ဒေးဗစ်လူးအစ်စ်အား ပေါင်သန်း ၃၀ ဝန်းကျင်ခန့်ဖြင့် ဝယ်ယူရန် သဘောတူထားပြီး ချယ်လ်ဆီးနည်းပြ အန်ဆန်လော့တီကလည်း ယခုသီတင်းပတ်မကုန်မီ စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း မျှော်လင့်ထားခဲ့သည်။

လက်ရှိ ပေါ်တူဂီလိဂ်ချန်ပီယံ ဘင်ဖီကာအသင်းက ပြောကြားရာတွင် ဘရာဇီးလူမျိုး ကစားသမားအား ဝယ်ယူမည့်အစီအစဉ် ပျက်ပြယ်ခြင်းမှာ အသင်းအတွက် ဝမ်းမြောက်ဖွယ်ရာ ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဒေးဗစ်လူးအစ်စ်အား အသင်းတွင် ဆက်လက်ထိန်းထားနိုင်ခြင်းမှာ ဝမ်းမြောက်ဖွယ်ရာဖြစ်ကြောင်း၊ ၎င်းသည် ဘောလုံးကစားစွမ်းရည်ပြည့်ဝပြီး အကျင့်စာရိတ္တကောင်းမွန်သူတစ်ယောက်လည်းဖြစ်ကြောင်း ဘင်ဖီကာအသင်း ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အင်တာနက်။

စိုးတင့်နိုင်

ဆွာရက်ဇ်ကို ပြောင်းရွှေ့ကြေး ယူရို ၂၆ ဒသမ ၅ သန်းဖြင့် လီဗာပူးခေါ်ယူ

အမ်စတာဒမ် ဇန်နဝါရီ ၂၉

တိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်ကို လီဗာပူးအသင်းထံ ပြောင်းရွှေ့ကြေး ယူရို ၂၆ ဒသမ ၅ သန်း (ပေါင် ၂၃ သန်း)ဖြင့် ရောင်းချရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း အိုင်းယက်စ်အသင်းက အတည်ပြုလိုက်သည်။

လီဗာပူးအသင်းအား အိုင်းယက်စ်မန်နေဂျာ ဖရန့်ဒီဘိုးဝါးက ဆွာရက်ဇ်ကိုခေါ်ယူရန် စနေနေ့တွင် သဘောတူညီမှုရအောင် ပြုလုပ်ရမည်ဟု သတိပေးပြီးနောက် မြန်မြန်ဆန်ဆန် လှုပ်ရှားခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက် (၂၄) နှစ်အရွယ် ဥရုဂွေးတိုက်စစ်မှူး ဆွာရက်ဇ်သည် ချယ်လ်ဆီးအသင်းမှ အသည်းအသန် ခေါ်ယူရန် ကြိုးစားခြင်း ခံခဲ့ရသော်လည်း အန်ဖီးသို့သာ ပြောင်းရွှေ့လာခဲ့ခြင်း ဖြစ်သည်။

ဆွာရက်ဇ်က သောကြာနေ့တွင် လီဗာပူးအနေဖြင့် အိုင်းယက်စ်နှင့် သဘောတူညီမှုရစေလိုကြောင်းနှင့် အိုင်းယက်စ် အနေဖြင့်လည်း မိမိအား ဥရောပအသင်းကြီး တစ်သင်းတွင် ကစားခွင့်ရရန် အခွင့်အရေး ပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ဆွာရက်ဇ်သည် ၎င်း၏နိုင်ငံ ဥရုဂွေးအသင်းအတွက် ၃၈ ပွဲ ကစားပေးထားပြီး ပြီးခဲ့သည့် ၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားပွဲတွင် စတုတ္ထရရှိအောင် စွမ်းဆောင်ပေးခဲ့သည်။

အင်တာနက်။

လီဗာပူးသို့ ပြောင်းရွှေ့လာသည့် ဥရုဂွေးတိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်။

Diamond Plus

Diamond & White Gold

Chinese New Year Special Discount

စိန်ထည် ပစ္စည်းများကို အထူးလျှော့စျေးဖြင့် ရောင်းချ ပေးနေပါသည်။

ရွှေချယ်ရန် ဒီဇိုင်းပေါင်း (၁၀၀) ကျော် . . .

Open Daily 9:30 am 8:30 pm

27.1.2011 မှ 7.2.2011 အထိ

On Selected Items

(I) No. (50), corner of Phone Gyi Rd & Maharbandoola Rd, Chinatown City Mart, Lanmadaw.

Ph : (+951) 218366 , 73015062

(II) No.(114), Level (I), Junction Centre (Maw Tin), Lanmadaw.

Ph : (+951) 218345 , 218155 (Ext : 1114), 7304001

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်သို့ စုံစုံညီညီရောက်ရှိ တည်းခိုနေထိုင်ရေး၊ စားသောက်ရေးနှင့် သွားလာရေး အစစအဆင်ပြေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၉

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် စတင်ကျင်းပမည့် လွှတ်တော်အစည်းအဝေးများ တက်ရောက်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် နေပြည်တော်သို့ စုံစုံညီညီရောက်ရှိနေကြပြီဖြစ်သည်။

ကြိုတင်စီမံပေးထား

ထိုသို့ ရောက်ရှိလာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ တည်းခိုနေထိုင်ရေး၊ စားသောက်ရေးနှင့် သွားလာရေးကိစ္စရပ်များကို သက်ဆိုင်ရာက ကြိုတင်စီမံဆောင်ရွက်ပေးထားသည့်အတွက် ကိုယ်စားလှယ်များအနေဖြင့် အစစ အဆင်ပြေပြေ တည်းခိုနေထိုင်လျက်ရှိကြောင်း သိရှိရသည်။

ဆက်သွယ်ဆောင်ရွက်

လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အစည်းအဝေးများ တက်ရောက်နိုင်ရေးအတွက် လိုအပ်သည့် အုပ်ချုပ်မှုကိစ္စရပ်များကို ဆက်သွယ်ဆောင်ရွက်လျက်ရှိကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝါးပင်၏ ပင်စည်ရိုးတံ ပုံသဏ္ဍာန် မိုးမျှော်တိုက် အဆောက်အအုံ၏ ဗိသုကာ ပုံစံကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗိသုကာဒီဇိုင်း အင်တာနက်သတင်း

ဘာသာပြန်-တက်လူ

ဝါးပင်၏ပင်စည်ရိုးတံပုံသဏ္ဍာန်ရှိ မိုးမျှော်တိုက်တည်ဆောက်ရန် ဗိသုကာပုံစံထုတ်

တဲလ်အဗစ် ဇန်နဝါရီ ၂၉

ဝါးပင်၏ပင်စည်ရိုးတံ ပုံသဏ္ဍာန်ရှိ မိုးမျှော်တိုက်တစ်တိုက်ကို အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့၌ တည်ဆောက်ရန် ယင်းနိုင်ငံရှိ ထိပ်တန်း ဗိသုကာပညာရှင်တစ်ဦးက ဒီဇိုင်းပုံစံထုတ်ထားပြီဖြစ်ကြောင်း အင်တာနက်ဝက်ဘ်ဆိုက်တစ်ခုတွင် ဖော်ပြထားသည်။

ဝါးပင်၏ ပင်စည်ရိုးတံပုံသဏ္ဍာန် မိုးမျှော်တိုက် အဆောက်အအုံ အတွက် ဗိသုကာဒီဇိုင်းပုံစံ ထုတ်ထားသူမှာ တဲလ်အဗစ်မြို့မှ ဗိသုကာပညာရှင် တာမီးလ်လာဗီ ဖြစ်သည်။

ဗိသုကာပညာရှင် လာဗီသည် ဝါးကိုအသုံးပြုကာ ဆောက်လုပ်ရေး ပစ္စည်းအသစ်များနှင့် အိမ်ထောင်ပရိဘောဂများ တီထွင်ထုတ်လုပ်နိုင်ရန် သုတေသနပြုလုပ်နေသူ ဖြစ်သည်။

အဆိုပါ အဆောက်အအုံသည် ဝါးပင်၏ ပင်စည်ရိုးတံပုံသဏ္ဍာန် ရှိမည်ဖြစ်သော်လည်း ဝါးကို ဆောက်လုပ်ရေး ပစ္စည်းတစ်မျိုး အဖြစ် အသုံးပြုမည် မဟုတ်ပေ။

ဝါးလုံးခေါင်းပုံသဏ္ဍာန် အဆောက်အအုံအတွင်း နေအိမ်ခန်းများ ဖွဲ့စည်းမည်ဖြစ်သည်။

စာမျက်နှာ ၆ ကော်လံ ၃ သို့ ✻

ထူးခြားသည့် ညအပူချိန်များ

၂၉-၁-၂၀၁၁

ဟားခါး	(-၃)	ဒီဂရီစင်တီဂရိတ်
နမ့်စန်	၁	ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၁	ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၂	ဒီဂရီစင်တီဂရိတ်
လားရှိုး	၃	ဒီဂရီစင်တီဂရိတ်
ပူတာအို	၄	ဒီဂရီစင်တီဂရိတ်
မိုးကုတ်	၄	ဒီဂရီစင်တီဂရိတ်